စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၁၂/ ၂၀၁၉

## ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ၁၀ နှစ်တာကာလအတွင်း တရုတ်သို့ သစ်သီးဝလံ တင်ပို့မှုမြင့်တက်လာ
- ရွှေတြိဂံဒေသကတစ်ဆင့် တရုတ်သို့ ပြောင်းတန်ချိန် ခုနစ်ထောင်ခန့် စတင်ပို့
- ထောပတ်သီးကို စုပေါင်းရောင်းချစနစ်ဖြင့်  စတင်ရောင်းမည်

### နိုင်ငံတကာဈေးကွက်

- ရာသီချိန်မဟုတ်ဘဲ စပါးမစိုက်ရန် ထိုင်းအစိုးရ တိုက်တွန်း
- အိန္ဒိယက ကြက်သွန်ဈေးထိန်းချုပ်ရန် တန်ချိန်တစ်သိန်း တင်သွင်းမည်
- တရုတ်နှင့်ပူးပေါင်း၍ လယ်ယာစီးပွားဝန်ဆောင်မှုစင်တာ လေးခု တည်ထောင်မည်
- တရုတ်သို့ကျွဲ၊ နွားများ တရားဝင် တင်ပို့ခွင့် စတင်ရရှိ

### ပြည်တွင်းကုန်သွယ်မှုသတင်း

- အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅)တွင် ဒီဂျစ်တယ်စီးပွားရေးလုပ်ငန်း၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ လယ်ယာထွက်အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းစသည့်ကဏ္ဍအသစ်ငါးခု ထပ်မံတင်သွင်းဆောင်ရွက်မည်
- ပို့ကုန်တိုးမြှင့်ရေးအတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်နေ
- အထည်ချုပ်သည် ပို့ကုန်ကဏ္ဍ၌အတိုးတက်ဆုံးဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် တင်ပို့မှုတန်ဖိုးဒေါ်လာ သန်း၃၂၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၄၀ ခန့် ပိုမိုတင်ပို့ခဲ့
- ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိမည်ခန့်မှန်း
- ကမ္ဘာ့ရေနံဈေး တစ်စည် ၅၇ ဒေါ်လာအထိ ပြန်တက်လာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၁၀ ရက်ဝန်းကျင်အတွင်း တစ်လီလာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ ပြန်လည်မြင့်တက်

### ပြည်ပကုန်သွယ်မှုသတင်း

- ထိုင်းက မြန်မာနိုင်ငံတွင် ထပ်မံရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေဟုဆို
- ဂျပန်နိုင်ငံက မြန်မာတွင် ထပ်မံရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေဟုဆို
- မြန်မာသို့ အာရှနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်ရန်ရှိနေ
- မြန်မာထုတ်ကုန်အမျိုးအစား ၃၀ ခန့်ကို ထိုင်းဈေးကွက်ဖြန့်ချိသူများနှင့်ချိတ်ဆက်ပေးမည်

### အထူးဆောင်းပါးများ

- ပြည်ပပို့ကုန်အရည်အသွေးကောင်းပဲရရှိရန်

### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၄၁၆
http://www.myantrade.org
myantradetir2018@gmail.com

# ပြည်တွင်းဈေးကွက်

## ၁၀ နှစ်တာကာလအတွင်း တရုတ်သို့ သစ်သီးဝလံတင်ပို့မှု မြင့်တက်လာ

၁၀ နှစ်တာကာလအတွင်း တရုတ်သို့ သစ်သီးဝလံတင်ပို့မှု မြင့်တက်လာကြောင်း မြန်မာနိုင်ငံသစ်သီးဝလံနှင့် ပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်း(MFVP)ထံမှသိရသည်။ ထို့ပြင်အခြားနိုင်ငံများသို့လည်း ဈေးကွက်ချဲ့ထွင်တိုးမြှင့်တင်ပို့ရန်လည်းလိုအပ်သည်။ အသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က “ ပြည်ပတင်ပို့မှုမှာ ၁၀ နှစ်လောက် အတွင်းကို တန်ချိန် ၁၀ သိန်းလောက်တိုးပြီး ပို့နိုင်လာတယ်။ သခွားမွှေးဆိုရင် တန်ချိန် တစ်သိန်းခွဲလောက်ပို့လာနိုင်ခဲ့တယ်။ သရက်သီးဆိုရင်လည်း တန်ချိန် နှစ်သောင်းခွဲကနေ လေးသောင်းခွဲလောက်အထိ ပို့လာနိုင်တယ်။ ဒါတွေက တရုတ်ကို အများစုသွားတာတွေပေါ့။ တခြားဈေးကွက်ဆိုရင် သရက်နဲ့ လက်ဖက်အစိုဆိုရင်တော့ အမေရိကန်ကို တင်ပို့နေတယ်။ ဒီလို တင်ပို့နိုင်တာလည်း အနည်းအကျဉ်းပဲရှိသေးတယ်”ဟု ပြောသည်။ ကုမ္ပဏီအချို့နှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်ပနိုင်ငံ အများစုသို့ အနည်းငယ်တင်ပို့မှုများရှိနေပြီး ကျယ်ကျယ်ပြန့်ပြန့်တင်ပို့ရန်ဆက်လက်ကြိုးပမ်းရန်လိုအပ်ကြောင်း၊ ၉၀ ရာခိုင်နှုန်း ခန့်သော သစ်သီးဝလံများကို တရုတ်သို့တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ ဖရဲနှင့်သခွားကို တရုတ်အပြင် နိုင်ငံတကာသို့ တင်ပို့ရန်ကြိုးစားနေကြောင်းသိရသည်။ ထို့ပြင် အခြားသစ်သီးဝလံများဖြစ်သည့် ငှက်ပျောသီး၊ သံပုရာသီး၊ ထောပတ်သီး၊ နာနတ်သီး၊ ကျွဲကောသီးတို့ကို အများအပြားတင်ပို့ရန် အလားအလာ ရှိနေခြင်းကြောင့် တရားဝင်တင်ပို့ခွင့်ရရှိရန် သက်ဆိုင်ရာ ဌာနများသို့ တင်ပြထားကြောင်း သိရသည်။ တရားဝင်တင်ပို့ခွင့်ရရှိထားသော သီးနှံများဖြစ်သည့် ဒူးရင်းသီး၊ ကြက်မောက်သီးနှင့် လိုက်ချီးသီးတို့ကို တင်ပို့နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ “အခုနောက်ပိုင်းမှာဆိုရင် ကျွန်တော်တို့ဆီက ထွက်တဲ့ သီးနှံတွေက အရည်အသွေးလည်းကောင်းလာတယ်။ ထုပ်ပိုးမှုစနစ်လည်းမြင့်လာတဲ့အတွက်ကြောင့် ဥရောပကိုတင်ပို့ဖို့လုပ်နေသလို စင်ကာပူကိုတင်ပို့ဖို့လည်းရှိတယ်။ ငရုတ်သီးဆိုရင် တရုတ်နိုင်ငံအပြင် မလေးရှားကို တင်ပို့နေတာတွေလည်းရှိတယ်”ဟု ဦးစိုးသန်းမင်းဒင်က ဆက်လက်ပြောသည်။ သစ်သီးဝလံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ပင်းရှန်အပြည်ပြည်ဆိုင်ရာသစ်သီးဝလံ ကူးသန်းရောင်းဝယ်ရေးအသင်းတို့အကြား နားလည်မှုစာချွန်လွှာကို တရုတ်နိုင်ငံ၊ နန်နင်းမြို့၌ စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ သစ်သီးဝလံ တင်ပို့မှုက တစ်နှစ် ကန်ဒေါ်လာ သန်း ၁၀၀ ခန့်ရရှိနေသော်လည်း နည်းပါးနေသေးကြောင်း သိရသည်။ “သန်း ၁၀၀ ဆိုတာ နိုင်ငံအတွက် နည်းပါးတဲ့ပမာဏတစ်ခုဖြစ်တယ်။ တိုးတက်အောင်လည်း ဈေးကွက်တွေရှာနေတယ်။

မြန်မာနိုင်ငံက သီးနှံကို ပြည်ပနိုင်ငံတွေက စိတ်ဝင်စားတာရှိပေမယ့် သူတို့လိုချင်တဲ့ ပမာဏတစ်ခုကို ထုတ်မပေးနိုင်သေးဘူး။ သီးနှံတွေကို အလှမ်းဝေးတဲ့နိုင်ငံတွေကို ရောင်းပေးနိုင်ဖို့ အခက်အခဲတွေရှိနေသေးတယ်။ လက်ရှိမှာလည်း တရုတ်နိုင်ငံကို သီးနှံ ရှစ်မျိုး တရားဝင်တင်ပို့ခွင့်ရပေမယ့် အခုချိန်ထိ လေးမျိုးပဲ တင်ပို့နိုင်သေးတယ်။ လမ်းကြောင်းဆိုရင်လည်း မူဆယ်ကနေပဲ သွားလို့ရတာကြောင့် လမ်းပိတ်ရင် အခက်အခဲတွေကြုံရလို့ တခြားလမ်းကြောင်းတွေကလည်း တင်ပို့နိုင်အောင်ကြိုးစားနေတယ်”ဟုအသင်း၏အတွင်းရေးမှူးဦးကျော်သူကပြောသည်။ အသင်းအနေဖြင့် တရုတ်သို့ သီးနှံ ၂၂ မျိုးတင်ပို့ခွင့်ရရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွန်ခဲ့သည့်တစ်နှစ်က တောင်းဆိုမှုများ ပြုလုပ်ထားသော်လည်း ယနေ့အချိန်အထိ ခွင့်ပြုချက်မရရှိသေးသည့်အတွက် ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ကချင ပြည်နယ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း များမှတစ်ဆင့် ဝင်ပေါက်လမ်းကြောင်း တစ်ခုပြုလုပ်ပေးရန် တောင်းဆိုထားသည်။

Source: https://www.thefarmermedia.com/news/14170

## ရွှေတြိဂံဒေသကတစ်ဆင့် တရုတ်သို့ ပြောင်းတန်ချိန်ခုနစ်ထောင်ခန့် စတင်ပို့



ယခုနှစ်အတွင်း ရွှေတြိဂံဒေသကတစ်ဆင့် တရုတ်သို့ ပြောင်းတန်ချိန် ၇၀၀၀ ခန့် စတင်ပို့နေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောကြားသည်။ “တစ်ဆင့်ခံသဘောမျိုးနဲ့ ရွှေတြိဂံဒေသဘက်ကနေ တရုတ်ကို ပို့တာပေါ့။ အဲဒါကဒီနှစ်မှစပို့တာ။ ရှေ့နှစ်ခါတော့ တန်ချိန်သောင်းဂဏန်းလောက်ဖြစ်မယ်လို့ မျှော်လင့်တယ်”ဟု ၎င်းက ပြောသည်။ တရုတ်သို့နှစ်စဉ်ပြောင်းတန်ချိန် ၁ ဒသမ ၈ သန်းခန့် တင်ပို့ နေရာမှ ယခုနှစ်လယ်ခန့်မှစ၍ တရုတ်နိုင်ငံ၏ အဂတိတိုက်ဖျက်ရေးဥပဒေအရ မှောင်ခိုဖမ်းဆီးရေးများကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ဆို့ခဲ့သည့်အတွက် ပြည်တွင်း၌ပြောင်းထုတ်လုပ်မှုများကို ထိခိုက်မှုများ ဖြစ် ပေါ်ခဲ့ရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က ပြည်ပသို့ ပြောင်းတန်ချိန် ၁၅ သိန်းကျော် တင်ပို့

ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၂၇၀ ကျော် ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ “အခုလက်ရှိအခြေအနေက ပုံမှန်ကုန်သွယ်မှုနဲ့ အများကြီးသွားလို့မရသေးဘူး။ ဟိုတုန်းက အာဖရိက ကနည်းနည်းယူတယ်။ စင်ကာပူကနည်းနည်းယူတယ်။ ဗီယမ်နမ်က ဒီနှစ်ဆို တန်ချိန် ရှစ်သောင်းလောက် ယူတယ်ကြားတယ်” ဟု ရှမ်းပြည်နယ်၊ ရှာငံဒေသမှ ပြောင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်သို့ ပြောင်းတရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် တရုတ်၏ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ထားပြီး မကြာမီနားလည်မှုစာချွန်လွှာရေးထိုးမည်ဖြစ်ကြောင်း သိရသည်။ ထို့ကြောင့်ပြောင်းကို ထိုင်းနိုင်ငံသို့ အဓိကအနေဖြင့် တင်ပို့နေရပြီး ၂၀၁၈ ခုနှစ်က ပြောင်းတန်ချိန် ၄၇၀၀၀၀ ကျော် တင်ပို့ခဲ့သည်။ လက်ရှိတွင် ထိုင်းနိုင်ငံက ၂၀၂၀ ပြည့်နှစ်အတွက် မြန်မာနိုင်ငံက ပြောင်းတန်ချိန် အနည်းဆုံး ခြောက်သိန်းခွဲခန့် ဝယ်ယူရန် ယခုလအတွင်း နေပြည်တော်၌ လာရောက်ဆွေးနွေးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ပြောင်းစိုက်ဧက ၁ ဒသမ ၉ သန်း ခန့်တွင် ထွက်ရှိသည့် တန်ချိန် ၃ ဒသမ ၈ သန်းခန့်ရှိပြီး ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် စိုက်ပျိုးသည်။

Source: http://htwettoe.com/article-details/news/8261554

## ထောပတ်သီးကို စုပေါင်းရောင်းချစနစ်ဖြင့် စတင်ရောင်းမည်

ထောပတ်သီးကို စုပေါင်းရောင်းချသည့်စနစ်ဖြင့် စတင်ရောင်းချသွားမည်ဟု ထောပတ်သီး စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့၊ ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးလင်းသန့်အောင်က ပြောသည်။ "တောင်သူတွေ စုရောင်းမယ်။ ရောင်းချလို့ရတဲ့ အကျိုးအမြတ်ကို တောင်သူတွေ တိုက်ရိုက်ရမယ်။ ဈေးကွက်အခြေအနေတွေကိုလည်း သေသေချာချာ သိရှိရမှာပါ" ဟု ၎င်းက ပြောသည်။ လာမည့်ဒီဇင်ဘာလတွင် စတင်ရောင်းချသွားမည်ဖြစ်ပြီး ယခုနှစ်ကို စမ်းသပ်ကာလအဖြစ် သတ်မှတ်သွားမည်ဟု ၎င်းကဆိုသည်။ ထောပတ်သီး တောင်သူဦးရေ ၂၀ မှ ၅၀ အထိ စုစည်းကာ ထောပတ်သီးများကို စုပေါင်းရောင်းချသွားမည် ဖြစ်ပြီး အရည်အသွေးကိုလည်းသတ်မှတ်ထားသည်ဟုဆိုသည်။ ထောပတ်သီး ရောင်းရာတွင် အာမခံသည့် ထောပတ်သီးနှင့်၊ အာမ မခံသည့် ထောပတ်သီးဟူ၍ နှစ်မျိုးခွဲခြားကာ ရောင်းချသွားမည်ဖြစ်သည်။ အာမခံရောင်းချသည့် ထောပတ်သီးများသည် ဝယ်သူလက်အရောက်တွင် အသီးအရည်အသွေးကြောင့်ပျက်စီးခြင်း တစ်စုံ တစ်ရာဖြစ်ပေါ်ပါကအသီးပြန်လည်အစားထိုးပေးခြင်း၊ငွေပြန် အမ်းခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုး ထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။ ၂၀၂၀ ပြည့်နှစ်တွင် ထောပတ်သီးမျိုးကောင်းမျိုးသန့် စိုက်ခင်းများမှ ဈေးကွက်ဝင်အသီးများ ထွက်ရှိတော့မည်ဖြစ်သည့်



အတွက် ယင်းအချိန်တွင် သီးနှံစုပေါင်းရောင်းချခြင်းကို စနစ်တကျ ပြုလုပ်မည်ဖြစ်ကြောင်း ဦးလင်းသန့်အောင်က ဆိုသည်။

လက်ရှိတွင် တရုတ်နိုင်ငံမှ ထောပတ်သီးကို တန်ချိန် ရာနှင့်ချီ၍မှာယူမှုရှိသော်လည်း တင်ပို့ရောင်းချမှု မပြုလုပ်နိုင် သေးကြောင်း ဟိုပုန်းမြို့ ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခွန်ထွန်းထွန်းဝင်းက ပြောသည်။ ထောပတ်သီးကို တရုတ်နိုင်ငံကဝယ်ယူရန် အများဆုံးကမ်းလှမ်းပြီး ဟောင်ကောင်၊ စင်ကာပူတို့က ကမ်းလှမ်းမှု များလည်းရှိကာ လက်ရှိအချိန်တွင် ထိုင်းနိုင်ငံကို အဓိကတင်ပို့နေကြောင်းအသင်းမှ သိရသည်။ ယခင်နှစ်ထက် ထောပတ်သီး ဈေးကောင်းမွန်သော်လည်း ယခုနှစ်အတွက် ထောပတ်သီးပေါက်ဈေး အမြင့်ဆုံးနှုန်း မည်မျှအထိရရှိမည်ကို မခန့်မှန်းနိုင်သေး ကြောင်း ထောပတ်သီးတောင်သူများက ပြောသည်။ လက်ရှိတွင် ထောပတ်သီး တစ်တန်လျှင် အရည်အသွေးပေါ် မူတည်၍ ဒေါ်လာ ၈၀၀ မှ ဒေါ်လာ ၃,၀၀၀ အထိ ပေါက်ဈေးရှိကြောင်း ဦးလင်းသန့်အောင်က ပြောသည်။ မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ ရောင်းချသူများအသင်းအနေဖြင့် ထောပတ်သီး မျိုးကောင်း မျိုးသန့် ရွေးချယ်ရေးပြိုင်ပွဲကို ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ထောပတ်သီးမျိုးကွဲ ၂၀၀ ခန့် တွေ့ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ထောပတ်သီးမျိုးကွဲပေါင်း ၃၀၀ ခန့်ကို တွေ့ရှိခဲ့ရ ကြောင်း သိရသည်။

Source: https://www.facebook.com/kope.aung/posts/2485419841727226

# နိုင်ငံတကာဈေးကွက်

## ရာသီချိန်မဟုတ်ဘဲ စပါးမစိုက်ရန် တောင်သူများကို ထိုင်းအစိုးရတိုက်တွန်း

ထိုင်းနိုင်ငံတွင် အဓိကဆည်ကြီးများ ရေကျန်နည်းနေပြီး ခြောက်သွေ့ကာလကို ရင်ဆိုင်ရဖွယ်ရှိနေသဖြင့် ထိုင်းအစိုးရ က ပြည်နယ် ၂၂ ခုက တောင်သူများကို စပါးစိုက်ရာသီချိန်မဟုတ်ဘဲ စပါးစိုက်ပျိုးခြင်းမပြုရန် တောင်းဆိုလိုက်သည်။

ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးအဖြစ် အိန္ဒိယ၏နောက်တွင်ရပ်တည်နေသော ထိုင်းနိုင်ငံ၌ လာမည့်လများအတွင်း ကျောက်ဖယားမြစ်ဝှမ်းတစ်လျှောက်ရှိ စပါးခင်း၊ ဟက်တာ ၉၆၀၀၀၀ ခန့် စိုက်ပျိုးရေလုံလောက်စွာရရှိမည် မဟုတ်ကြောင်း အာဏာပိုင်များကတနင်္လာနေ့တွင်ပြောသည်။ ပြည်နယ်၂၂ခုသို့ရေပေးဝေနေသည့်အဓိကဆည်ကြီးလေးစင်း၏ ရေလက်ကျန်မှာ ကုဗမီတာ ၅ ဒသမ ၄ ဘီလျံရှိနေရာ ယခင်နှစ်၏ ရေလက်ကျန်ပမာဏ ကုဗမီတာ ၁၂ ဘီလျံထက် လျော့နည်းနေကြောင်း တော်ဝင်ဆည်မြောင်း ဦးစီးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး Thaweesak Thanadachophol က ပြောသည်။ " ဒါဟာ လူသုံးဖို့အတွက်တော့ လုံလောက်ပါတယ်။ ဒါပေမယ့် ရာသီမဟုတ်တဲ့ စပါးစိုက်ဖို့တော့ မလုံလောက်ပါဘူး" ဟု Thaweesak က ပြောသည်။ " ဒါကြောင့် တောင်သူတွေ စပါးမစိုက်ကြဖို့ တောင်းဆိုတာပါ" ဟု ၄င်းက ဆက်ပြောသည်။

Ayutthaya နှင့် Ang Thong ပြည်နယ်က တာဝန်ရှိသူများသည် တောင်သူများ ရာသီချိန်မဟုတ်ဘဲ စပါးစိုက်ပျိုးခြင်း မပြုရန်နှင့် ရေသုံးနည်းသည့် သီးနှံအစားထိုးစိုက်ပျိုးနိုင်ရန် တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

ထိုင်းနိုင်ငံ၌ စပါးကို ရာသီချိန်မဟုတ်သော နိုဝင်ဘာလတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းလေ့ရှိသည်။ ထိုင်းနိုင်ငံသည် ခြောက်သွေ့ကာလသို့ နိုဝင်ဘာ ၁ ရက်မှ စတင်ဝင်ရောက်ပြီး ၄င်းကာလမှ နောက်နှစ် ဧပြီ ၃၀ ရက်အထိ ကြာညောင်းလေ့ရှိသည်။ ထိုင်းအစိုးရသည် ယခင်လက မိုးခေါင်မှုစီမံခန့်ခွဲရေး အစီအမံများစွာကို ခွင့်ပြုခဲ့ပြီး ၄င်းတို့အနက် မြေအောက်ရေတွင်းတူးခြင်း၊ မိုးတုရွာသွန်းခြင်းတို့ အပါအဝင်ဖြစ်သည်။

Source: https://www.thefarmermedia.com/news/14175

## အိန္ဒိယက ကြက်သွန်ဈေးထိန်းချုပ်ရန် တန်ချိန် တစ်သိန်းတင်သွင်းမည်

အိန္ဒိယနိုင်ငံတွင် ကြက်သွန်လက်လီဈေး တစ်ကီလိုလျှင် ရူပီး ၁၀၀ အထိ မြင့်တက်နေသဖြင့် အစိုးရကဈေးနှုန်းထိန်းချုပ်ရေး ကြက်သွန်တန်ချိန် တစ်သိန်းတင်သွင်းရန် ယခင်တစ်ပတ် စနေနေ့က ဆုံးဖြတ်လိုက်သည်။ နိုင်ငံပိုင်ကုန်သွယ်ရေး MMTC က ကြက်သွန်တင်သွင်းမည်ဖြစ်ပြီး Nafed သမဝါယမအဖွဲ့က တင်သွင်းကြက်သွန်များကို ပြည်တွင်းဈေးကွက်သို့ ပြန်လည်ဖြန့်ချိမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ကို စနေနေ့ကပြုလုပ်ခဲ့သော အတွင်းဝန်များကော်မတီအစည်းအဝေးတွင် ချမှတ်ခဲ့ခြင်းဖြစ်သည်။ "အစိုးရက ကြက်သွန်ဈေး ထိန်းချုပ်ဖို့အတွက် တန်ချိန် တစ်သိန်း တင်သွင်းဖို့ ဆုံးဖြတ်ခဲ့ပါတယ်" ဟု စားနပ်ရိက္ခာနှင့် စားသုံးသူရေးရာဝန်ကြီး Ram Vilas Paswan က တွစ်တာတွင် ရေးသားခဲ့သည်။



MMTC သည် နိုဝင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၁၅ ရက်အတွင်း ကြက်သွန်တင်သွင်း၍ ပြည်တွင်းဈေးကွက်သို့ ဖြန့်ချိရန် တောင်းဆိုခဲ့ကြောင်း ဝန်ကြီးက ရေးသားသည်။ တင်သွင်းကြက်သွန်များကို နိုင်ငံအနှံ့ ဖြန့်ချိရန် Nafed အဖွဲ့ကို ညွှန်ကြားထားကြောင်း ဝန်ကြီးက ဖော်ပြသည်။ အိန္ဒိယတွင် ကြက်သွန်ရောင်းလိုအား နည်းပါးနေသဖြင့် ဈေးနှုန်းများ တစ်လကျော်ကြာ သိသာစွာမြင့်တက် နေခဲ့သည်။ မြို့တော်တွင် ကြက်သွန် လက်လီဈေးမှာ တစ်ကီလိုလျှင် ရူပီး ၆၀ မှ ရူပီး ၈၀ အထိ ရောက်ရှိခဲ့ကြောင်း ကုန်သွယ်ရေး စာရင်းများ အရ သိရသည်။

Sources: https://www.thefarmermedia.com/news/14176

## တရုတ်နှင့်ပူးပေါင်း၍ လယ်ယာစီးပွားဝန်ဆောင်မှု စင်တာလေးခု တည်ထောင်မည်

တရုတ်နှင့်ပူးပေါင်း၍ မြို့နယ်လေးမြို့နယ်တွင် အမေရိကန်ဒေါ်လာသန်း ၁၃၀ ကျော်သုံးစွဲ၍ လယ်ယာစီးပွားဝန်ဆောင်မှုစင်တာ စီမံကိန်းလေးခု တည်ထောင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းလေးခုကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးလုပ်ဆောင်မည်ဖြစ်ပြီး ကျိုက်လတ်၊ တွံတေး၊ မတ္တရာနှင့် ကျောက်တော်မြို့နယ်တို့၌ တစ်ပြိုင်တည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။ လယ်ယာစီးပွားဝန်ဆောင်မှု စင်တာသည် တောင်သူများ၏ လယ်ယာထွက်ကုန် အရည်အသွေးပိုကောင်းလာရေး၊ ရိတ်သိမ်းချိန်နောက်ပိုင်း ထိန်းသိမ်းသိုလှောင်ပေးရေး၊ တောင်သူများနှင့် အကျိုးတူလယ်ယာ ပူးပေါင်းဆောင်ရွက်ပေးရေး၊ ထုတ်လုပ်မှုတိုးတက်လာရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်ရန် အရည်အသွေးမြှင့်တင်ပေးရေး၊ ပြည်တွင်းပြည်ပဈေးကွက်ရှာဖွေထိုးဖောက်ရေးစသည့် ဝန်ဆောင်မှုများပါဝင်ကြောင်း သိရသည်။ " လယ်ယာစီးပွားနဲ့ပတ်သက်ရင် တရုတ်နဲ့နိုင်ငံတကာဈေးကွက်တွေကို ပိုပြီးတော့ထိုးဖောက်ရောင်းချ လာနိုင်မှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုစီမံကိန်း လေးခုကို ဆောင်ရွက်ရန် တရုတ်နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းစုဖြစ်သည့် China CITIC Construction Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံလယ်ယာစီးပွား အများပိုင်ကုမ္ပဏီ လီမိတက်တို့ နိုဝင်ဘာ ၁၄ ရက်က နေပြည်တော်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

Source: the farmer journal

## တရုတ်သို့ ကျွဲ၊ နွားများ တရားဝင်တင်ပို့ခွင့် စတင်ရရှိ

တရုတ်သို့ နယ်စပ်လမ်းကြောင်းက တစ်ဆင့် ကျွဲ၊ နွားများ တရားဝင်တင်ပို့ခွင့် စတင်ရရှိပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်ကပြောကြားသည်။“လက်ရှိဌာနအဆင့် လက်မှတ်ထိုးပြီးသွားပြီဆိုတော့ တရုတ်ဘက်ကလည်း တရားဝင်တင်ပို့လို့ ရပါပြီလို့အကြောင်းကြားလာတယ်” ဟု ၎င်းကပြောသည်။



ထိုသို့ တရားဝင်တင်ပို့ခွင့်ရရှိခြင်းကြောင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ မရှိတော့သည့်အတွက် လွတ်လပ်စွာတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ကျွဲ၊ နွားတရားဝင်တင်ပို့ရေးအတွက် နှစ်နိုင်ငံဌာနအဆင့် သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီးအဓိကအချက်အနေဖြင့် တိရစ္ဆာန်ကျန်းမာရေး ထောက်ခံချက်နှင့် ပတ်သက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက စစ်ဆေးခွင့်ပြုပေးရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကတစ်ဆင့် နေ့စဉ် ကျွဲ၊ နွား ကောင်ရေ ၉၀၀ နှင့် ၁၂၀၀ ကြား တင်ပို့နိုင်သည့် အနေအထားရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သိရသည်။ “တိရစ္ဆာန် ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ ဒီဘက်ကစစ်ဆေးပေးရမယ်။ ရောဂါကင်းစင်မှ တင်ပို့ခွင့်ပြုပေးရမှာပေ့ါဗျာ။ ဒီအချက်ကို အဓိက လက်မှတ်ထိုးကြတာပါ“ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထို့ကြောင့်နောက်ပိုင်းတွင် ကျွဲ၊ နွားများကို ဝယ်ယူစုဆောင်း၍ တင်ပို့သည့်နည်းလမ်းအစား ကိုယ်တိုင်မွေးမြူ၍ တင်ပို့သော စနစ်တစ်ခုကို သွားနိုင်ရန်ကြိုးပမ်းမည်ဖြစ်ကြောင်းသိရသည်။ “ဒီပုံစံမျိုးဆိုမှ တစ်ပိုင်တစ်နိုင်နဲ့ မွေးမြူသူတွေ အသက်ရှူချောင်မယ်။ အခုက ငွေကြေးတတ်နိုင်တဲ့ကုန်သည်ကဝယ်ယူပြီးတော့ ဈေးကွက်တင်ပို့တယ်”ဟု ပုတီးကုန်းမြို့နယ်စားနွား မွေးမြူရေး ခြံပိုင်ရှင် ဦးကျော်ဟိန်းက မှတ်ချက်ပြုသည်။ ထို့ကြောင့် ကိုယ်ပိုင်မွေးမြူပြီး တင်ပို့သည့်စနစ်သည် ကျွဲ၊ နွားမွေးမြူရေး တောင်သူများအတွက် ယခင်ထက် ပိုမိုအဆင်ပြေလာနိုင်သော်လည်း ကိုယ်ပိုင်မွေးမြူသည့် ထောက်ခံချက်၊ မြက်ခင်းနှင့်စားကျက်မြေ ပိုင်ဆိုင်ကြောင်းထောက်ခံချက်စသည်များ လိုအပ်လာမည်ဖြစ်ကြောင်း တစ်ပိုင်တစ်နိုင်နွားမွေးမြူရေးပြုလုပ်သည့် တောင်သူများကပြောသည်။ လက်ရှိ၌ အသက်ငါးနှစ်နှင့်အထက် ကျွဲ၊ နွားများကိုသာ ပြည်ပသို့ တင်ပို့ခွင့်ပြုထားကြောင်း၊ တိရစ္ဆာန်မွေးမြူရေးထောက်ခံချက်လက်မှတ်၊ မွေးမြူရေးခြံလုပ်ငန်းမှတ်ပုံတင်လက်မှတ်တို့ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနက ထုတ်ပေးလျက်ရှိသည်။

တရုတ်နိုင်ငံသို့ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ၂၀ ရက်အထိ ကျွဲ၊ နွားကောင်ရေ ၂၈၀၀၀၀ ကျော်တင်ပို့ထားပြီး အမေရိကန်ဒေါ်လာ သန်း ၃၅၀ နီးပါးရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။ ယခင်နှစ်ကာလတူ ကျွဲ၊ နွားတင်ပို့မှု စာရင်းများဖြင့် နှိုင်းယှဉ်ပါက အမေရိကန် ဒေါ်လာ ၁၆၂ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံက ကျွဲ၊ နွားများကို တရုတ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေပြီး ၂၀၁၈ ခုနှစ်က ကောက်ယူခဲ့သော တိရစ္ဆာန် သန်းခေါင်စာရင်းအရ ကျွဲ၊ နွားကောင်ရေ ၁၇ သန်းကျော်ရှိကြောင်း သိရသည်။

Source: http://htwettoe.com/article-details/news/8274141

# ပြည်တွင်းကုန်သွယ်မှုသတင်း

## အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅)တွင်ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်း၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာ၊ လယ်ယာထွက်အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းစသည့် ကဏ္ဍအသစ်ငါးခု ထပ်မံတင်သွင်းဆောင်ရွက်မည်

အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀ – ၂၀၂၅) တွင် ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းကဏ္ဍ၊ ကျောက်မျက် နှင့် လက်ဝတ်ရတနာကဏ္ဍ၊ လယ်ယာထွက်အခြေခံစားသောက် ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းစသည့်ကဏ္ဍအသစ်ငါးခု ထပ်မံထည့်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ထူးကပြောကြား သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်မြှင့်တင်ရန်အတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ

(၂၀၁၅-၂၀၁၉)ကိုရေးဆွဲခဲ့ပြီး ဦးစားပေးကဏ္ဍခုနစ်ခုနှင့်အထောက်အကူပြုကဏ္ဍလေးခု စုစုပေါင်း ၁၁ ခုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ငါးနှစ်တာကာလ ပြီးဆုံးတော့မည်ဖြစ်သည်။

အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀ – ၂၀၂၅ )ဆက်လက်အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက် လျက်ရှိပြီး ယင်းမဟာဗျူဟာတွင် လာမည့်ငါးနှစ်အတွင်း ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ပြင်ဆင်ဖြည့်စွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ထပ်မံဖြည့်သွင်းဆောင်ရွက်မည့် ဦးစားပေးကဏ္ဍအသစ်ငါးခုတွင်ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းကဏ္ဍ၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ၊ လယ်ယာထွက် အခြေခံစားသောက်ကုန် ထုတ်လုပ်ခြင်းကဏ္ဍနှင့် လက်မှုအနုပညာပစ္စည်း ထုတ်လုပ်မှု ကဏ္ဍများနှင့်ပတ်သက်၍ အဓိကထုတ်လုပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များပါဝင်နိုင်အောင် ရေးဆွဲဆောင်ရွက်သွားမည်ဟု ဒုတိယဝန်ကြီးဦးအောင်ထူးကပြောကြားသည်။ လက်ရှိ NLD အစိုးရသစ်လက်ထက်တွင် ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေးရည်မှန်းထားပြီး လက်ရှိအခြေအနေတွင် ပို့ကုန်တင်ပို့မှုမှာ ၂၀၁၅ ခုနှစ်ထက် နှစ်ဆတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောကြားသည်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း ၊ ပြည်ပ ကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်ရန်ဖြစ်ပြီး အဓိကရည်မှန်းချက်မှာ ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန်မျှော်မှန်းထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများရှိနေသေးကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ကပြောကြားသည်။ ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံကတင်ပို့သည့်ပို့ကုန်တန်ဖိုးထက် သွင်းကုန်တန်ဖိုးမြင့်မားနေခြင်းကို ဆိုလိုသည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံက တင်ပို့နိုင်မှုစွမ်းအားထက်ပြည်ပမှ ပိုမိုတင်သွင်းနေရခြင်းဖြစ်သည်။ “ကုန်သွယ်မှုလိုငွေကတော့ နည်းနည်းလေးလျော့မယ့် သဘောလေးရှိတယ်။ လျာထားချက်ကတော့ ဒေါ်လာသန်း ၅၀၀ လောက်ပဲရှိအောင်ပေ့ါနော်။ ဒါပေမဲ့ တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းတွေမှာ ကုန်ကြမ်းလိုအပ်တော့။ ဥပမာမွေးမြူရေး ကတက်လာတယ်။ ကြက်စာအရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖတ်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကို၊ အခုဆို တန်ချိန်ငါးသောင်းအထိ သွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလည်း ဒီဘက်ကလုပ်ငန်းတွေက တိုးတက်မှာ ဒါတွေက လျော့လို့မရဘူးလေ။ တချို့ကလည်း ခရီးသွားတက်လာတဲ့အခါမှာ ဒီမှာမထုတ်နိုင်တဲ့ ဝက်အူချောင်းတို့ အကောင်းစားငါးတွေ တင်သွင်းရတာရှိတယ်။ စားအုန်းဆီကလည်း လျော့မပေးနိုင်ဘူး။ ဒီဇယ်မှာလည်း လျော့လို့မရဘူး။ ဆေးဝါးကလည်း လျော့လို့မရဘူးဆိုတော့ အလှကုန်ပစ္စည်းကလည်း လျော့လို့မရဘူး” ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဆိုသည်။ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ လျှော့ချရန်မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။

Source: https://news-eleven.com/article/146584

## ပို့ကုန်တိုးမြှင့်ရေးအတွက် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆောင်ရွက်နေ

မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ တိုးတက်တင်ပို့နိုင်ရေးအတွက် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့စီမံကိန်းကို ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ အဆိုပါစီမံကိန်းကို အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ဥရောပသမဂ္ဂ၏ အထောက်အပံ့အစီအစဉ်မှ ယူရို ရှစ်သန်းဖြင့် ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဖွန်လအထိ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းအတွင်း ကုန်သွယ်မှုအမျိုးအစားခွဲခြားဆောင်ရွက်နိုင်ရေးနှင့် ပေါင်းစည်းနိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်မည်ဖြစ်ပြီး အမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးခြင်း၊ လယ်ယာထွက်ကုန်သီးနှံများထဲမှ ဆီနှင့် ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုး၊ ပျားရည်၊ ဥယျာဉ်ထွက်သီးနှံများဖြစ်သည့် ထောပတ်သီး၊ ကျွဲကောသီး၊ နာနတ်နှင့် ကြက်သွန်ဖြူ ကော်ဖီ၊ လက်ဖက်တို့၏ တန်ဖိုးကွင်းဆက်များ ပါဝင်ကြောင်းသိရသည်။ “စီမံကိန်းကနေ ကုန်သွယ်မှုတိုးတက်ရေးကို အထောက်အကူပြုလာစေမယ်။ ဒေသတွင်းနဲ့ နိုင်ငံတကာဈေးကွက်ကိုဝင်ရောက်နိုင်ဖို့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ ထုတ်လုပ်မှုတန်ဖိုးမြှင့်ကွင်းဆက်ကို ဈေးကွက်လိုအပ်ချက် ဖြည့်ဆည်းပေးရမှာဖြစ်တယ်”ဟုစီးပွားကူးသန်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကပြောသည်။

လယ်ယာထွက်ကုန်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင် ရာသီဥတု၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း၊ သွင်းအားစုကုန်ကျစရိတ် မြင့်မားနေခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်ရရှိရန် လိုအပ်ခြင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များ မြင့်မားခြင်း၊ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနည်းပါးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ဝယ်လိုအားအပေါ်တည်မှီနေရခြင်း၊ ခေတ်မီစိုက်ပျိုးရေးနှင့် ရိတ်သိမ်းမှုစနစ်များ၊ ထုတ်လုပ်မှုစနစ်များ လိုအပ်နေခြင်းစသည့် စိန်ခေါ်မှုများ လျှော့ချနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာသို့ လယ်ယာထွက်ကုန်များ တိုးတက်တင်ပို့နိုင်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်ဖက်နိုင်ငံများကို စီးပွားရေးသံမှူးများစေလွှတ်ပြီး ဈေးကွက်ဆိုင်ရာအခြေအနေများ၊ စားသုံးမှုလိုအပ်ချက်များအလိုက် ကိန်းဂဏန်းများနှင့် ကုန်သွယ်ရေးပြပွဲများ ကျင်းပခြင်း စသည့်လုပ်ငန်းများအတွက် စေလွှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

လယ်ယာပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးရေးအတွက် သီးနှံမျိုးကောင်းမျိုးသန့် ရရှိစိုက်ပျိုးနိုင်ခြင်းနှင့် အထွက်နှုန်းမြင့်မားစေခြင်း၊ ခေတ်မီစိုက်ပျိုးမှုစနစ်များ ကျင့်သုံးခြင်း၊ နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမြင့်ခြင်းကိုလျှော့ချခြင်း၊ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်းတို့ လိုအပ်သည်။ နှစ်စဉ်ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ ကန်ဒေါ်လာ သုံးဘီလျံကျော်ရရှိနေပြီး တရုတ်၊ ဥရောပ၊ အိန္ဒိယ၊ ထိုင်း စသည့်အဓိက ကုန်သွယ်ဖက်နိုင်ငံများအပြင် အခြားဈေးကွက်ရှိ နိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ Source: the farmer journal

## အထည်ချုပ်သည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ်တစ်လခန့်တွင် တင်ပို့မှုတန်ဖိုး ဒေါ်လာ သန်း ၃၂၀ ကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာ သန်း ၄၀ ခန့် ပိုမိုတင်ပို့ခဲ့

အထည်ချုပ်(ချုပ်ပြီးအထည်)သည် ပို့ကုန်ကဏ္ဍ၌ အတိုးတက်ဆုံးဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် တင်ပို့မှုတန်ဖိုးဒေါ်လာသန်း ၃၂၀ ကျော်ရှိပြီး ယခင်နှစ် ကာလတူထက် ဒေါ်လာသန်း ၄၀ ခန့်ပိုမိုရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင် က The Daily Eleven သတင်းစာသို့ ပြောကြားသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တို ဘာ ၁ ရက်မှ ၂၅ ရက်အထိ ပြည်သို့ အထည်ချုပ် (ချုပ်ပြီး အထည်) တင်ပို့မှု ဒေါ်လာ ၃၂၅ သန်းရှိသည်။ ယခင်နှစ်ကာလတွင် ဒေါ်လာ ၂၈၇ သန်းကျော်သာ တင်ပို့ ထားနိုင်ခဲ့သည်။ ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် တစ်လခန့်တွင် အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၃၈ သန်းခန့် ပိုမိုတင်ပို့ထားခြင်းဖြစ်သည်။ "အခုလက်ရှိမှာ ဒေါ်လာ ၃၂၅ သန်းပေါ့။ ကာလတူနဲ့ယှဉ်ရင် ဒေါ်လာ ၃၈ သန်း လောက်ပိုတဲ့ အနေအထားမှာရှိတယ်။ သူကတော့ အတိုးတက်ဆုံးပေါ့" ဟု လက်ထောက် အတွင်းဝန် ဦးခင်မောင်လွင်က ဆိုသည်။ ၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါး ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ် လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထား ကြောင်း ၂၀၁၉ ခုနှစ် မေ ၁၁ ရက်က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၏ ပဥ္စမအကြိမ်နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အသင်းအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။ "ကျွန်မတို့ ကဏ္ဍမှာ အလုပ်သမား တိုးတာက ငါးဆ၊ ဝင်ငွေတိုးတာက ၁၀ ဆပေါ့ နော် ။ ဒါဆိုရင် ကျွန်မတို့ အလုပ်သမားတွေရဲ့ ထုတ်လုပ်မှုကို နှစ်ဆတိုးအောင် လုပ်ရမယ်။ အဲဒီအတွက်တောက်လျှောက်ဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။ မြန်မာနိုင်ငံတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်လည်း ထုတ်လုပ်မှုကဏ္ဍတွင် အထည်ချုပ်ကဏ္ဍ၌ အများဆုံး ဝင်ရောက်လျက်ရှိ ကြောင်း သိရသည်။



လက်ရှိအချိန်တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတွင် အသင်းဝင် ၅၀၀ ကျော်ပြီး အလုပ်သမား ခန့်ထားမှုမှာလည်း ငါးသိန်းကျော်ရှိသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခ အနေဖြင့် ၁၀ ရာခိုင်နှုန်းခန့် သာရရှိကြောင်းသိရသည်။ "မြန်မာနိုင်ငံက ချုပ်ခကို ဝင်ငွေအနေနဲ့ရတာ။ ဒါက ပျမ်းမျှအနေနဲ့ ပြောတာပါ။ တချို့ဆို ရှစ်ရာခိုင်နှုန်းလောက်ပဲ ရတဲ့သူ တွေ ရှိတယ်။ တချို့ဆို ၁၂ အထိရတဲ့သူတွေရှိတယ်။ High Value Price ဆို နည်းနည်းပိုရတာပေါ့။ အရည်အသွေးကောင်းပြီး သေချာချုပ်ထားတာကတော့ ၁၂ ရာခိုင်နှုန်း လောက်ရတယ်။ အရမ်း ပေါပေါလောလောကြီးနဲ့ သိန်းနဲ့ချီအပ်ပြီး ချုပ်ခအရမ်းနည်းတဲ့ဟာတွေက ရှစ်ရာခိုင်နှုန်းလောက်ပဲရတယ်။ ဒါကြောင့်မို့ ပျမ်းမျှ ကို ၁၀ ရာခိုင်နှုန်းလို့ ပြောတာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံအထည်ချုပ် လုပ်ငန်းရှင်များအသင်း၊ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ် က ပြောကြားသည်။

လက်ရှိအချိန်တွင် CMP လက်ခစားလုပ်ငန်းများမှ နှစ်စဉ်ဝင်ငွေ ဒေါ်လာသန်း ၃၀၀ ခန့်သာ ဝင်ငွေ ရှိသော် လည်း အဆိုပါလုပ်ငန်းများကို FOB စနစ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေါ်လာသန်း ၃၀၀၀ (သုံး ဘီလျံ) အထိ နိုင်ငံ့ဝင်ငွေရရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်ပမှကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ကုန်ချောထုတ်ကာ ပြည်ပသို့ပြန်လည်တင်ပို့သည့် CMP လက်ခစားစနစ်ကို မြန်မာနိုင်ငံ၌ ၁၉၉၀ ခုနှစ်က အထည်ချုပ် လုပ်ငန်းနှင့် စတင်ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်တွင် ဖိနပ်၊ အိတ်ချုပ်လုပ်ငန်း၊ ပလတ်စတစ်ကုန်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ဆံပင်အတုလုပ်ငန်းများအပြင် အခြားသောလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းလုပ်ငန်းပေါင်း ၇၀ ကျော်အထိ ရှိ ကြောင်းသိရသည်။ လက်ရှိအချိန်တွင် CMP လက်ခစား စနစ်လုပ်ငန်းသည့် နှစ်ပေါင်း သုံးဆယ်ခန့်ရှိလာပြီဖြစ်သော်လည်း ကိုယ်တိုင်ထုတ်လုပ်နိုင်သည့် အခြေအနေသို့ တက်လှမ်းနိုင်ခြင်း မရှိသေးကြောင်း သိရသည်။ Source: https://news-eleven.com/article/144727

## ယခုဘဏ္ဍာနှစ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိမည်ခန့်မှန်း

ယခုဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံရှိမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ယမန်နေ့တွင် ပြောသည်။ ခန့်မှန်းထားသည့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလီယံတွင် ၁၈ ဘီလီယံသည် ပို့ကုန်တန်ဖိုး ဖြစ်လာနိုင်ကြောင်း၊ သို့သော် သွင်းကုန်တန်ဖိုးသည် ခန့်မှန်းမရသဖြင့် ကုန်သွယ်မှုပမာဏတိုးနိုင်သည်ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။ ''မွေးမြူရေး တက်လာတယ်။ တက်လာတော့ကုန်ကြမ်း တင်သွင်းမှုပိုမိုများပြားလာတယ်။ ဥပမာ ပဲပိစပ်ဆို အရင်တုန်းက တန်ချိန် နှစ်သောင်း၊ အခု ငါးသောင်းဖြစ်လာတယ်။ စားအုန်းဆီ၊ ဒီဇယ်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းတွေတင်သွင်းမှုကလည်း လျှော့မရဘူးဖြစ်နေတာ'' ဟု ၎င်းက ပြောသည်။

၂၀၁၈-၁၉ တွင် ကုန်သွယ်မှုတန်ဖိုးဒေါ်လာ ၃၄ ဘီလီယံခန့်ရှိပြီး ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၃၃၈ သန်းရှိခဲ့သည်။ ယခုဘဏ္ဍာနှစ် ပို့ကုန်နှင့်သွင်းကုန်ပမာဏ ကွာဟချက် ဒေါ်လာသန်း ၅၀၀ ခန့်ရှိမည်ဟု ပြည်ထောင်စုဝန်ကြီးက ဆိုသည်။ နယ်စပ်နှင့် ပင်လယ်ရေကြောင်းနှစ်ခုဖြင့် မြန်မာနိုင်ငံကုန်သွယ်မှုလုပ်ငန်းတွင် ယခုဘဏ္ဍာနှစ် ပထမလအတွင်း ဒေါ်လာ သုံးဘီလီယံကျော်ရှိပြီး ယခင်ဘဏ္ဍာနှစ်ကာလတူထက်ပိုများကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ် ပြန်သည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ်ကာလတူထက် ပို့ကုန်တန်ဖိုးဒေါ်လာသန်း ၃၅၀ ကျော် တိုးလာပြီး သွင်းကုန်တန်ဖိုးသည်လည်း ဒေါ်လာ ၅၉ သန်းကျော် ပိုမိုများလာသည်။ ယခုဘဏ္ဍာနှစ်စ ပထမတစ်လအတွင်း ပြည်ပပို့ကုန်ကဏ္ဍတွင် သတ္တုတွင်းထွက် တင်ပို့မှုသည် အများဆုံးဖြစ်ပြီး ဒေါ်လာသန်း ၂၉၀ ကျော်တင်ပို့ထားသည်။ ဒုတိယအများဆုံး ပို့ကုန်မှာ ပဲမျိုးစုံ၊ ဆန်အပါအဝင် လယ်ယာထွက်ကုန်များဖြစ်ပြီး တစ်လအတွင်း ဒေါ်လာ ၅၉ သန်းကျော်ဖိုး တင်ပို့နိုင်ခဲ့ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြခဲ့သည်။ ယခုဘဏ္ဍာနှစ်တစ်ခုလုံးတွင် ချုပ်ပြီးအထည်ပြည်ပတင်ပို့မှုက အများဆုံးဖြစ်မည်ဟု စီးပွားကူးသန်းဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ခန့်မှန်းသည်။ မြန်မာနိုင်ငံမှ ချုပ်ပြီးအထည် ပြည်ပတင်ပို့မှုမှ နှစ်စဉ် ၃၀ ရာခိုင်နှုန်း တိုးတက်နေပြီး ၂၀၁၈ -၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာငါးဘီလီယံခန့် ရရှိခဲ့သည်။

Source: https://www.7daydaily.com/171317

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၇ ဒေါ်လာအထိ ပြန်တက်လာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၁၀ ရက် ဝန်းကျင်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ ပြန်လည်မြင့်တက်

ကမ္ဘာ့ရေနံဈေး ၅၇ ဒေါ်လာအထိ ပြန်တက်လာပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ၁၀ ရက်ဝန်းကျင်အတွင်း တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ ပြန်လည်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။

ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့် တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာ ဝန်းကျင် အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန် ကျခဲ့သည်။

စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ် လာ ဝန်းကျင် အထိ မြင့်တက်ခဲ့ကာ အောက်တိုဘာ ၃၁ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ နိုဝင်ဘာ ၁၅ ရက်တွင် ၅၇ ဒေါ်လာ ဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။ နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ပြည်တွင်းစက်သုံးဆီဆိုင် အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ်

တစ်လီတာ ကျပ် ၉၆၀ (တစ်ဂါလန် ၄၃၆၄ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၉၇၀ (တစ်ဂါလန် ၄၄၀၉ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၈၈၀ (တစ်ဂါလန် ကျပ် ၄၀၀၀)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၉၈၀ (တစ်ဂါလန် ၄၄၅၅ ကျပ်) ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် ဖြစ်ပေါ်ခဲ့သော ဈေးနှင့် နှိုင်းယှဉ်ပါက ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တစ်လီတာ ၁၀ ကျပ်မှ ၃၅ ကျပ်အထိ ပြန်လည်မြင့်တက်ခဲ့သည်။



ပြည်တွင်းစက်သုံးဆီဈေးသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းမှ မေလကုန်ပိုင်းအထိ ခြောက်လနီးပါးအတွင်း တစ်လီတာ ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရေနံဈေးကျဆင်းမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၂၁ ရက်အတွင်း စက်သုံး အမျိုးအစားအလိုက် ၁၁ ရာခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော်အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စက်သုံးဆီဈေးနှုန်းများ သုံးရာခိုင်နှုန်းကျော်မှ လေးရာခိုင်နှုန်းကျော်အထိ ပြန်တက်ခဲ့သည်။ ဇူလိုင် ၁၉ ရက်မှ သြဂုတ် ၁၀ ရက်အတွင်း သုံးရာခိုင်နှုန်းကျော်မှ ငါးရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းများပြန်ကျလာပြီး သြဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိ ခုနစ်ရာခိုင်နှုန်းကျော်မှ ကိုးရာခိုင်နှုန်းနီးပါး အထိပြန်တက်လာခဲ့သည်။ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စက်သုံးဆီဈေးနှုန်း လေးရာခိုင်နှုန်းကျော် ပြန်လည်ကျဆင်းခဲ့ပြီး အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ လေးရာခိုင်နှုန်းကျော် စက်သုံးဆီဈေးနှုန်းများ ပြန်တက်လာခဲ့သည်။ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ စက်သုံးဆီဈေးနှုန်းများ တစ်ရာခိုင်နှုန်းဝန်းကျင် ပြန်လည်ကျဆင်းခဲ့သည်။

ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်မှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာ စံချိန် တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။

Source: https://news-eleven.com/article/145869

## ပြည်ပကုန်သွယ်မှုသတင်း

### ထိုင်းက မြန်မာနိုင်ငံတွင် ထပ်မံရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေဟုဆို

မြန်မာနိုင်ငံ၌ ထိုင်းစီးပွားရေးလုပ်ငန်းများ ထပ်မံရင်း နှီးမြှုပ်နှံရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးသန့်စင်လွင် ကပြောသည်။ လက်ရှိတွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံ၌ ဒေါ်လာ ၁၁ ဘီလီယံကျော် မြှုပ်နှံထားသည်။ လုပ်အားခသက်သာသည့် အခွင့်အရေးကြောင့် စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံသို့ ပြောင်းရွှေ့လိုခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ “ထိုင်းလုပ်ငန်းရှင်တွေ ကျွန်တော်တို့ဆီမှာ လာဆွေးနွေးနေတာတွေ ရှိပါတယ်” ဟု ဦးသန့်စင်လွင်က ပြောသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတွင် ထိုင်းနိုင်ငံက တတိယမြောက် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်သည်။ လက်ရှိ အစိုးရလက်ထက်တွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာသန်း ၈၀၀ ကျော် ဝင်ရောက်ခဲ့သည်။ ၂၀၁၆ မတ်လကုန်တွင် မြန်မာနိုင်ငံ၌ ထိုင်းကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုက ၁၀ ဒသမ ၅ ဘီလီယံသာရှိပြီး ၂၀၁၉ စက်တင်ဘာကုန်တွင် ၁၁ ဒသမ ၃ ဘီလီယံကျော်သို့ မြင့်တက်လာသည်။ မြန်မာနိုင်ငံ၏ ရေနံ၊ သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ထိုင်းနိုင်ငံက အဓိကရင်းနှီးမြှုပ်နှံသကဲ့သို့ လက်ရှိတွင် အခြေခံအဆောက် အအုံကဏ္ဍ၌ ထပ်မံရင်းနှီးမြှုပ် နှံရန် ပြင်ဆင်နေသည်။ “ရင်းနှီးမြှုပ်နှံမှုမှာ ထိုင်းကလည်း အရေးပါတယ်”ဟု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြော သည်။

လက်ရှိတွင်ထိုင်းနိုင်ငံသည်ဘတ်ငွေတန်ဖိုးမြင့်တက်မှု၊အမေရိကန်နိုင်ငံမှရေထွက်ကုန်အချို့အပေါ်အခွန်ကင်းလွတ်ခွင့်ရုပ်သိမ်းမှုစသည့် အခက်အခဲအချို့ ကြုံတွေ့နေသည်။ သို့သော် တစ်ဖက်တွင်လည်း မြန်မာနိုင်ငံနှင့် စီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကြိုးပမ်းနေပြီး ကုန်သွယ်ရေးကဏ္ဍ၌ နှစ်နိုင်ငံငွေကြေးဖြင့် တိုက်ရိုက်ရောင်းဝယ် နိုင်မည့် စနစ်တစ်ခု အကောင်အထည်ဖော်နေသည်။ ထို့အပြင် တရုတ်နိုင်ငံမှ အဝယ်လျော့နည်းသည့် ပြောင်းဖူးစေ့များကို နယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် တန်ချိန် ခြောက်သိန်းကျော် တင်ပို့နိုင်ခဲ့သည်။ မြန်မာ၊ ထိုင်း နှစ်နိုင်ငံကုန်သွယ်ရေး လက်ရှိအစိုးရလက်ထက် တိုးတက်လာပြီး ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ ဒေါ်လာ ငါး ဘီလီယံကျော်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ဖက် နိုင်ငံများတွင် တရုတ်ပြီးလျှင် ထိုင်းနိုင်ငံက ဒုတိယ အများဆုံး ဖြစ်သည်။

Source: https://www.7daydaily.com/170753

## ဂျပန်နိုင်ငံက မြန်မာတွင် ထပ်မံရင်းနှီးမြှုပ်နှံရန် ပြင်ဆင်နေဟုဆို

မြန်မာနိုင်ငံ၌ ကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားသော ဂျပန်နိုင်ငံက နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ခရီးစဉ်အပြီးတွင် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံတိုးမြှင့်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌဒေါက်တာမောင်မောင်လေးက ပြောသည်။ ဂျပန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံလာရေး နှင့် ရင်းနှီးမြှုပ်နှံရာတွင် လွယ်ကူချောမွေ့စေရေး ဂျပန်နိုင်ငံမှ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များနှင့် အစိုးရစီးပွားရေးဝန်ကြီး ဌာနများမှ ပြည်ထောင်စုဝန်ကြီးများ ပြီးခဲ့သည့် ရက်ပိုင်းက ဆွေးနွေးခဲ့သည်။

ဂျပန်ကုမ္ပဏီများ ပိုမိုရင်းနှီးမြှုပ်နှံလာရေးနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေး မြန်မာနိုင်ငံအစိုးရ၏ ဖြေလျှော့ ပေးမှုများ၊ စီစဉ်ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ဂျပန်နိုင်ငံမှ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ က အသိအမှတ်ပြုသည်။ ထို့အပြင် နိုဝင်ဘာ ၁၄ ရက်တွင် မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်၌ ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်အချို့က နှစ်နိုင်ငံ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးရန်ရှိသည်။ "ဂျပန်ဘက်ကတော့လာနေပြီ။ ဒီမှာ အခင်းအကျင်းကောင်းဖို့တော့ လိုပါတယ်"ဟု ဒေါက်တာမောင်မောင်လေး ကပြောသည်။

ဂျပန်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း(မြန်မာ)က ဦးဆောင်ပြီး အကြီးစားစက်မှုလုပ်ငန်း၊ လေကြောင်းလုပ်ငန်း၊ နည်းပညာဆိုင်ရာလုပ်ငန်း၊ ဥပဒေအကြံပေးလုပ်ငန်းစသော စီးပွားရေးလုပ်ငန်းများ ပါဝင်သည်။ ထို့အပြင် ပညာရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စွမ်းအင်လုပ်ငန်းစသည့် ကဏ္ဍများမှ လုပ်ငန်းရှင်များလည်း ပါဝင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်မီတာခ တိုးမြှင့်ကောက်ခံပြီးနောက် ဂျပန်လျှပ်စစ်ကုမ္ပဏီများက မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားနေကြောင်း မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောသည်။

Source: https://www.7daydaily.com/170805

## မြန်မာသို့ အာရှနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဝင်ရောက်ရန် ရှိနေ

တောင်ကိုရီးယား၊ ထိုင်း၊ မလေးရှား စသည့် အာရှနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများ ယခုနှစ်အတွင်း တိုးမြှင့်ဝင်ရောက်ရန် ရှိနေကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၊ ရန်ကုန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ယနေ့ သတင်းစာရှင်းပွဲတွင် ပြောသည်။

ယနေ့သတင်းစာရှင်းလင်းပွဲမှာ မြန်မာရှိ ကိုရီးယားစက်ရုံ ၁၀၀ ဘင်္ဂလားဒေ့ရှ်သို့ ပြောင်းရွှေ့မည်ဆိုသော ဘင်္ဂလားဒေ့ရှ် သတင်းများတွင် ဖော်ပြနေမှုမှာမဟုတ်ကြောင်း မီဒီယာများကို ရှင်းလင်းခြင်းဖြစ်ပြီး၊ တောင်ကိုရီးယား အပါအဝင် အာရှနိုင်ငံ များမှ ရင်းနှီးမြှုပ်နှံမှုများ ယခုနှစ်တိုးမြှင့်ဝင်ရောက်ရန်ရှိကြောင်း ထည့်သွင်းပြောကြားခြင်းဖြစ်သည်။ "ကိုရီးယား ရင်းနှီးမြှုပ်နှံ သူတွေအနေနဲ့ အဆိုပြုထားတဲ့ လုပ်ငန်းတွေရှိသလို လာစုံစမ်းတဲ့လုပ်ငန်းတွေကလည်း တိုးတက်နေပါတယ်။ ရင်းနှီးမြှုပ်နှံမှု တွေ ရွှေ့ပြောင်းသွားတာမျိုး လုံးဝမရှိပါဘူး။ မလေးရှား စီးပွားရေးလုပ်ငန်းရှင်တွေကလည်း နိုဝင်ဘာလ ၅ ရက်က လုပ်ငန်း ၃ခု ရင်းနှီးမြှုပ်နှံဖို့ လာဆွေးနွေးထားတယ်"ဟု ၎င်းက ပြောသည်။

ဆက်လက်ပြီး ဦးသန့်စင်လွင်က "ကျနော်တို့ ကိုရီးယားက ဟိုတယ်လုပ်ငန်းကို ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ်မှာ လုပ်ဖို့ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်း တန်ဖိုးရှိတဲ့ ဟိုတယ်လုပ်ငန်းတခု MIC တင်ဖို့ရှိတယ်။ မလေးရှားကဆိုရင် မြစ်ကြောင်းကနေ ပြေးဆွဲမယ့်လုပ်ငန်းတခု၊ မြန်မာနိုင်ငံအလယ်ပိုင်းမှာ စက်မှုမြို့တော်တခုနဲ့ လူနေအိမ်ရာတွေ တည်ဆောက် တဲ့လုပ်ငန်းတွေ လာဆွေးနွေးထားတယ်။ ထိုင်းနိုင်ငံရဲ့ ရင်းနှီး မြှုပ်နှံမှုများကလည်း တိုးလာတယ်"ဟု ရှင်းပြသည်။

အာရှနိုင်ငံများမှ လုပ်ငန်းရှင်များသည် ဟိုတယ်လုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများ၊ စက်မှု ကုန်ထုတ် လုပ်မှုလုပ်ငန်းများ၊ မော်တော်ကားလုပ်ငန်းများ၊ စက်မှုဇုန် လုပ်ငန်းများ နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံ ရန် စိတ်ဝင်စားကြောင်း သိရသည်။ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က "ဆွေးနွေးတာတွေကတော့ တရက်ကို ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင် ၂၀ ယောက်လောက်ရှိတယ်။ သူတို့အနေနဲ့ ပြန်လာလုပ်ခြင်း၊ မလုပ်ခြင်းကတော့ သူတို့ရဲ့ သဘောထားဖြစ်တယ်။ လုပ်လာအောင်လို့ ဆွဲဆောင်တာတော့ ကျနော်တို့က လုပ်ရမယ်"ဟုဆိုသည်။ တစ်ချို့သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အချိန်အတိုင်းအတာတခု စောင့်ဆိုင်းလုပ်ဆောင်ရခြင်း ဖြစ်ကြောင်း၊ အစိုးရအနေဖြင့်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်လာအောင် အင်တိုက်အားတိုက်နှင့် ဆောင်ရွက်နေကြောင်း DICA မှ သိရသည်။

ယင်းအပြင် မြန်မာနိုင်ငံသည် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် (RCEP) ကို ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် ညှိနှိုင်းဆွေးနွေးမှုများ အပြီးသတ်ရန် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စာချုပ်သည် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတေးလျနှင့် နယူးဇီလန်နိုင်ငံများသို့ မြန်မာ့ပို့ကုန်များကို အကောက်ခွန် ကင်းလွတ်သက်သာခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည့်အပြင်

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်း ပါဝင်သဖြင့် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက် ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဒုဥက္ကဋ္ဌဒေါက်တာ မောင်မောင်လေးက "အခုချိန်မှာ မြန်မာနိုင်ငံက ချစ်သူဝိုင်းဝိုင်းလည်နေတယ်။ စင်ကာပူတို့ ထိုင်းတို့ ဟောင်ကောင်တို့က စီးပွားရေး လုပ်ငန်းရှင်တွေ လာဆွေးနွေးတာ ရှိတယ်။ အဓိကတော့ ကုန်သွယ်မှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေ၊ ဝန်ဆောင်မှုတွေ၊ ကုန်ထုတ်လုပ်မှုတွေများတယ်။ အစိုးရအနေနဲ့ကတော့ သူတို့လုပ်သာကိုင်သာရှိအောင် လျှပ်စစ်မီးရရှိအောင်၊ မြေရရှိအောင်၊ အလုပ်သမား စွမ်းရည်တွေတိုးတက်အောင် ပြင်ဆင်ထားသင့်တယ်"ဟု ရောဝတီသို့ပြောသည်။ ယင်းအပြင် မြန်မာနိုင်ငံအနေနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်အတွက် စီးပွားရေး လုပ်ကိုင်ရလွယ်ကူမှု အညွှန်းကိန်း (Ease of Doing Business) တွင် အညွှန်းကိန်းအနေဖြင့် ယခုထက်အဆင့်တက်ရန် လုပ်ဆောင်သင့်သည့်အပြင် အလုပ်ရှင်နှင့် အလုပ်သမား အဆင်ပြေလွယ်ကူစွာလုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း၌ ဖြစ်ပွားနေသော အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ပြဿနာများကိုလည်း ပြေလည်အောင် ဆောင်ရွက်ပေးသင့်ကြောင်း ၎င်းက ဆိုသည်။

လက်ရှိတွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံသို့ ၁၉၈၈ ခုနှစ်မှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၈၃ ဒသမ ၇၃၆ ဘီလီယံ ဝင်ရောက်ထားပြီး အများဆုံး ဝင်ရောက်ထားသည့် နိုင်ငံမှာ စင်ကာပူနိုင်ငံဖြစ်ကြောင်း DICA စာရင်းများ အရ သိရသည်။

Source: https://www.facebook.com/kope.aung/posts/2485285388407338

## မြန်မာ့ထုတ်ကုန်အမျိုးအစား ၃၀ ခန့်ကို ထိုင်းဈေးကွက်ဖြန့်ချိသူများနှင့် ချိတ်ဆက်ပေးမည်

ထိုင်းနိုင်ငံ Siam Commercial Bank နှင့် ပူးပေါင်းပြီး အငယ်စား၊ အသေးစားနှင့် အလတ်စား (MSME) ထုတ်ကုန်များကို အိတ်စ်ပို့ဈေးကွက်ရရှိရေးအတွက် မြန်မာနိုင်ငံမှ ထုတ်ကုန်အမျိုးအစား ၃၀ ခန့်ကို ထိုင်းနိုင်ငံမှ ဖြန့်ချိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။

ထိုင်းနိုင်ငံမှ FDA ရရှိရန် ဆောင်ရွက်ပေးခြင်း၊ အိတ်စ်ပို့ဈေးကွက်တင်ပို့မှုလုပ်ငန်းစဉ်တစ်လျှောက် လိုအပ်သည့် သင်တန်းများပို့ချခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်ကဏ္ဍများရှိ ထုတ်ကုန်အမျိုးအစား ၂၀ မှ ၃၀ ခန့်ကို ထိုင်းနိုင်ငံဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေးအတွက် ပံ့ပိုးမှုများကို Siam Commercial Bank က ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ယင်းဌာနထံမှသိရသည်။ Business Plan ဆိုင်ရာ သိကောင်းစရာများ၊ Financial Management ဆိုင်ရာသိကောင်းစရာများ၊ အခွန်ပေးသွင်းမှုဆိုင်ရာ သိကောင်းစရာ များ၊ ထိုင်း FDA ရယူမှုဆိုင်ရာ သိကောင်းစရာများ၊ Digital (e-market) ဆိုင်ရာ သိကောင်းစရာများ၊ Packaging & Branding ဆိုင်ရာ သိကောင်းစရာများကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နောက်ဆုံးအပတ်တွင် MSME လုပ်ငန်းများကို ရန်ကုန်မြို့တွင် သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။ ရွေးချယ်ခံရသည့် လုပ်ငန်းများကို ထိုင်းနိုင်ငံသို့ ခေါ်ဆောင်၍ သင်တန်း ပို့ချခြင်းနှင့် ထုတ်ကုန်များကို ထိုင်း Distributor များနှင့် ဈေးကွက်ချိတ်ဆက် ပေးခြင်းတို့ကို လုပ်ဆောင်သွားမည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များ အနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာပြည်နယ် နှင့်တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနများသို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။ ပါဝင်လျှောက်ထားသည့် လုပ်ငန်းများသည် စားသောက်ကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်ကဏ္ဍမှ MSME များနှင့် Manufacturing Sector မှ စက်မှုလုပ်ငန်းများဖြစ်ရမည်ဖြစ်ပြီး အော်ဂဲနစ်ထုတ်ကုန်များ အဓိကဖြစ်ရန်လိုအပ်သည်။



လက်ရှိတွင်လည်း ကုန်ထုတ်လုပ်ငန်းဆောင်ရွက်နေရမည်ဖြစ်ပြီး ပိုင်ရှင်ကိုယ်တိုင်ပါဝင်၍ သင်တန်းတက်ရမည်ဖြစ်ကာ ထိုင်းနိုင်ငံသို့ ထုတ်ကုန်နှင့်အတူ ကိုယ်တိုင်လိုက်ပါရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက် ခိုင်မာစွာ ရောင်းချနေ သည့် လုပ်ငန်းဖြစ်ရန်လိုအပ်ကြောင်း၊ ထုတ်ကုန်၏ အရည်အသွေးနှင့် ထုပ်ပိုးမှု ကောင်းမွန်ရမည်ဖြစ်ပြီး Distributor နှင့်ချိတ်ဆက်ရရှိပါက ဝယ်လိုအားကိုပြည့်မီစေသည့် MassProduction ထုတ်လုပ်နိုင်သူဖြစ်ရမည်ဖြစ်ကြောင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနထံမှ သိရသည်။ **Cridet:** The Voice

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2498

## ပြည်ပို့ကုန်အရည်အသွေးကောင်းပဲရရှိရန်

ယခုရက်အတွင်း ပြည်ပပို့ကုန် မတ်ပဲသည် ဈေးကောင်းရလာသည်။ ဤသည်မှာ ပြည်ပက ဝယ်၍ဖြစ်သည်။ မြန်မာ့မတ်ပဲကို ပဲအဓိကဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံက မတ်ပဲတန်ချိန် တစ်သိန်းခွဲခန့် ကိုတာစနစ်ဖြင့် ဝယ်ယူမည်ဟု ကြေညာထားသဖြင့် စိုက်ပျိုးမှုများလာနိုင်သကဲ့သို့ ဝယ်ယူမှုမှာလည်း တိုးတက်နိုင်ပါလိမ့်မည်။ ပြီးခဲ့သည့်နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံက မတ်ပဲအပါအဝင် ပဲမျိုးစုံပြည်ပသို့ တန်ချိန် တစ်သန်းကျော် တင်ပို့နိုင်ခဲ့သည်ဟုလည်း သိရသည်။

တစ်ချိန်က မြန်မာနိုင်ငံသည် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုတွင် အာဆီယံနိုင်ငံများ၌ ထိပ်တန်းက ရှိခဲ့သည်။ အထူးသဖြင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတွင် ဈေးကွက်ကောင်းရှိခဲ့သည်။ ပြည်ပဈေးကွက်မှာ ပဲအမျိုးအစားသန့်ရမည်။ အရည်အသွေးလည်းသန့်ရမည်။ ပဲစေ့အလုံးအရွယ် အကြီး၊ အသေးလည်းသန့်ရမည်။ ဖုန်၊ ခဲ၊ သဲ ကင်းရမည်။ ပဲစေ့ ပျက်စီးမှုများဖြစ်သည့် လုံးပိန်၊ လုံးညှက်၊ မှိုကပ်၊ မှိုက်တက်၊ အစေ့အရောင်ပျက်မရှိစေရ။ မတ်ပဲပို့လျှင် မတ်ပဲမှတစ်ပါ အခြားပဲအားလုံး မပါဝင်ရ။ အစေ့အရွယ်အစားသေးမှာ သတ်မှတ်မီလီမီတာ ဆန်ခါကျအစေ့ရှိရမည်။ အစေ့ကြီးတွင် ၃-၂၅ မီလီမီတာ ဆန်ခါတွင် တင်ကျန်နေသောအစေ့ဖြစ်ရမည်ဖြစ်သဖြင့်  သတ်မှတ်ချက်များရှိခဲ့သည်။ ရိုးရိုးအဆင့် (OQ- Ordinary Quality)၊ ပထမတန်းအဆင့် (FQ-First Quality)၊ အထူးစပါယ်ရှယ်အဆင့် (SQ- Special Quality)၊ စသည်ဖြင့် သတ်မှတ်ချက်တွင် အမြင့်ဆုံးခွင့်ပြုသတ်မှတ်ချက် ရာခိုင်နှုန်းအလိုက် အရည်အချင်းရှိရသည်။ မတ်ပဲကို အာရှနိုင်ငံသား များသာမက အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ၊ အမေရိကန်၊ စပိန်၊ နယ်သာလန်နှင့် အာဖရိကနိုင်ငံများအထိ ဝယ်လက် ရှိခဲ့သည်။

ပဲစင်းငုံဆိုလျှင်လည်း အာရှနိုင်ငံများအပြင် အာရပ်စော်ဘွားပြည်ထောင်စုနိုင်ငံသို့ ရောင်းချခဲ့ရဖူးသည်။ ပိုးထိုး၊ ပိုးကိုက်၊ အကျိုးအပဲ့မပါသော ပဲသန့်သန့်များ တင်ပို့ခဲ့ကြရသည်။

မတ်ပဲကဲ့သို့ ပြည်ပတင်ပို့မှုများသော ပဲမှာ ပဲတီစိမ်းဖြစ်သည်။ ဈေးကွက်အတွက် လိုအပ်သော မျိုးစေ့အရည်အသွေး သတ်မှတ်ချက် (F.A.Q- Fair Average Quality) တွင် သိုလှောင်ပိုးထိုးစေ့၊ ပိုးကိုက်စေ့ မျိုးတူနီစပ်ပါဝင်နိုင်သည့် အစေ့ ရာခိုင်နှုန်းသတ်မှတ်ချက်များရှိသည်။ ပဲတီစိမ်းသည် မတ်ပဲကဲ့သို့ အာရှနိုင်ငံများအပြင် ဥရောပနိုင်ငံများ၊ အမေရိကန်နိုင်ငံများ၊ အာရပ်စော်ဘွားနိုင်ငံများနှင့် ကိုရီးယား၊ ဂျပန်၊ ဟောင်ကောင်တို့အထိ ဈေးကွက်ရှိသည်။ ပဲတီစိမ်းနှင့် မတ်ပဲမှာ ပဲပင်ပေါက် အပင်ဖောက်၍ စားသုံးမှုများသည်။

မြန်မာနိုင်ငံတွင် ပဲကြာဆံကို ပဲတီစိမ်းက ပြုလုပ်ကြသည်။ ပဲတီစိမ်းအစေ့ တစ်ပေါင် ရေစိမ် အပင်ဖောက်ပါက ပဲပင်ပေါက် ခြောက်ပေါင်မှ ရှစ်ပေါင်အထိရနိုင်သည်။ အခြားပဲများနှင့်မတူသော ပဲတီစိမ်းအားသာချက်မှာ စားပြီးလျှင် လေပွ၊ ဗိုက်အောင့် မဖြစ်သဖြင့်ကြိုက်ကြသည်။ မတ်ပဲလည်း ထို့အတူပင် အစာကြေညက်မှုကို အနှောင့်အယှက်မဖြစ်စေ၍ စားသုံးရာတွင် ဘေးဥပါဒ်ကင်းသဖြင့် ကြိုက်ကြသည်။ မတ်ပဲနှင့် ပဲတီစိမ်းမှ ပဲမှုန့်ထုတ်လုပ်ပြီး စားသောက်ကုန် မျိုးစုံလုပ်ကြသည်။ မတ်ပဲမှ ဆေးဝါးလည်းထုတ်လုပ်သည်။ ပဲစင်းငုံမှာ ဆေးဖက်ဝင်သဖြင့် မတ်ပဲကဲ့သို့ ဆေးပဲဟုသိကြသည်။  မတ်ပဲထက်ပို၍ ဆေးဘက် အသုံးများပြားသည်။ ထို့ပြင် ယခုအခါ တစ်ကျော့ပြန်လည်ခေတ်စားလာသော ပိုးမွေးမြူရေးနှင့် ပိုးချည်ထုတ်လုပ်မှုတွင် ပိုးစားပင်အရွယ်အစား ပဲစင်းငုံအရွက်ဖြင့် နိုင်ငံအချို့ ပိုးမွေး (ပိုးချည်ပိုးကောင် SiLk warm)ကြသည်။

မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့သည် စားသုံးကုန်သာမက လူသုံးကုန်မျိုးစုံ ထုတ်လုပ်နိုင်သဖြင့် ပြည်ပက ဝယ်ယူမှုရှိသည်။ ဝယ်ယူရာတွင် စံချိန်အရည်အသွေးကောင်းရန်၊ ဓာတုဆေးဝါးဓာတ်ကြွင်းပါဝင်မှုနည်းရန်၊ မျိုးကောင်းမျိုးသန့်ရန် အဓိက လိုသည်။ ဤသည်မှာ စိုက်ပျိုးသူများက မျိုးကောင်းမျိုးသန့်ရွေးချယ်မှု မှန်ကန်စွာ စိုက်ပျိုး၍ စိုက်ပျိုးနည်းစနစ်ကောင်း (ဂျီအေပီ)ကို ကျင့်သုံးကြမှသာ ဝယ်ယူသည့်နိုင်ငံ တစ်နိုင်ငံတည်းကို အားကိုးနေရခြင်းမျိုးမဖြစ်နိုင်ပါ။ စိုက်ပျိုးရေးထွက်ကုန်များသည် အန္တရာယ်ကင်း၊ ဘေးရှင်း စံချိန်မီသန့်လျှင် ရောင်းရပါမည်။

ရောင်းရလျှင် စိုက်ကြပါမည်ဟု သုံးသပ်မိပါသည်။ စိုက်ပျိုးထုတ်လုပ်သူများဘက်ကလည်း အရေးကြီးပါ သည်။ (ဆောင်းပါးရှင်- ဦးရဲ-စိုက်ပျိုးရေး)

Source: https://www.thefarmermedia.com/news/14114

# ကုန်သွယ်မှုအခြေအနေ

## ၂၀၁၉၊ နိုဝင်ဘာလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 66383076.509 | 377.716 | | 1 | ရေနံထွက်ပစ္စည်းများ | 341.723 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 6835123.171 | 368.278 | | 2 | စက်နှင့်စက်ပစ္စည်းများ | 113.097 |
| 3 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 32121.043 | 112.067 | | 3 | ချုပ်ထည်များ | 108.377 |
| 4 | ဆန် | မတန် | 244619.844 | 72.243 | | 4 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 81.604 |
| 5 | ကျောက်စိမ်း | | 286.061 | 60.253 | | 5 | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ | 67.220 |
| 6 | ငါး | မတန် | 44289.559 | 49.501 | | 6 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 56.219 |
| 7 | (က)မတ်ပဲ | မတန် | 57277.131 | 39.746 | | 7 | ဆေးဝါးပစ္စည်းများ | 55.263 |
| 8 | နှမ်း | မတန် | 15343.835 | 26.898 | | 8 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 45.933 |
| 9 | ရာဘာစိမ်း | မတန် | 20119.530 | 24.296 | | 9 | သံနှင့်သံမဏိပစ္စည်းများ | 37.844 |
| 10 | ဆန်ကွဲ | မတန် | 89695.000 | 23.283 | | 10 | မော်တော်ဆိုင်ကယ်များ | 37.326 |

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၂၂-၁၁-၂၀၁၈) ထိ | ၂၀၁၉-၂၀၂၀ (၂၂-၁၁-၂၀၁၉) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၂၂-၁၁ -၂၀၁၈) | ၂၀၁၉ -၂၀၂၀ (၂၂-၁၁ -၂၀၁၉) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 359.651 | 473.892 | 114.241 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 833.025 | 890.210 | 57.185 |
| ၂ | တိရိစ္ဆာန်ထွက် | 81.474 | 36.886 | -44.588 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 919.027 | 906.182 | -12.845 |
| ၃ | ရေထွက် | 133.510 | 150.652 | 17.142 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 176.660 | 574.243 | 397.583 | | ၃ | လူသုံးကုန်ပစ္စည်း | 487.247 | 481.188 | -6.059 |
| ၅ | သစ်တောထွက် | 25.651 | 22.313 | -3.338 | | ၄ | CMP | 303.387 | 344.107 | 40.720 |
| ၆ | စက်မှုကုန်ချော | 1087.330 | 1254.233 | 166.903 | | | | | | |
| ၇ | အခြား | 134.212 | 67.619 | -66.593 | | | | | | |
| | **စုစုပေါင်း** | **1998.488** | **2579.838** | **581.350** | | | **စုစုပေါင်း** | **2542.686** | **2621.687** | **79.001** |

# ကုန်စည်ဒိုင် ဈေးနှုန်းများ

## ၂၀၁၉၊ နိုဝင်ဘာလအတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်ဈေးနှုန်း

| မြို့နယ် | ဆန်(နွေ)ရှယ် ၅ % | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း(ဟောင်း) | ညှော့မထဆန် ၂၅ % |
|---|---|---|---|---|
| ဖျာပုံ | 18200–18000 | 28000–26000 | | – |
| မြောင်းမြ | 18200–18000 | 28000–26000 | | 17800–17500 |
| ဒေးဒရဲ | 18000–17800 | 27000–25000 | | 17800–17500 |
| ဝါးခယ်မ | 18200–18000 | 27000–25000 | | 17800–17500 |
| ဘိုကလေး | 18000–17800 | 25000–24000 | | 17200–17000 |
| မော်ကျွန်း | 18000–17800 | 25000–24000 | | 17200–17000 |
| လပွတ္တာ | – | 25000–24000 | | 17200–17000 |
| ကျိုက်လတ် | 18200–18000 | 25000–24000 | | 17000–16800 |
| ဘုရင့်နောင် | 17800–17500 | | 55000–60000 | 16700–16500 |

Source: MRF

## ၂၀၁၉၊ နိုဝင်ဘာလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်) (ရောဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ဧည့်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.11.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 2 | 4.11.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 3 | 5.11.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 4 | 6.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 5 | 7.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 6 | 8.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19700 | 19500 | 19000 | 17500 | 17000 | 16000 |
| 7 | 13.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 8 | 14.11.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 9 | 15.11.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 10 | 18.11.19 | 32000 | 30000 | 26000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 11 | 19.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 12 | 20.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 13 | 22.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 14 | 25.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 15 | 26.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 16 | 27.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 17 | 28.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |
| 18 | 29.11.19 | 32000 | 30000 | 25000 | 19500 | 19000 | 18500 | 19000 | 18500 | 18000 | 17500 | 17000 | 16000 |

**Source:** ဝါးတန်းကုန်စည်ဒိုင်

## ၂၀၁၉၊ နိုဝင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ / RC | | ပဲစင်းငုံ RC | | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၈ | ၂၀၁၉ | ၂၀၁၇ | ၂၀၁၉ | | | | |
| 1 | 1.11.19 | | 1083000 | | | 1243200–1267600 | 1273800–1335000 | 826700–845100 | 1010400–1172700 |
| 2 | 4.11.19 | | 1315000 | | | 1243200–1267600 | 1273800–1298300 | 826700–845100 | 1010400–1172700 |
| 3 | 5.11.19 | | 1330000 | | | 1212500–1237000 | 1273800–1298300 | 796100–805300 | 1010400–1172700 |
| 4 | 6.11.19 | | 1244000 | | | 1224800–1246200 | 1273800–1298300 | 765500–805300 | 1010400–1172700 |
| 5 | 7.11.19 | | 1188000 | | | 1212500–1221700 | 1273800–1298300 | 765500–805300 | 1010400–1172700 |
| 6 | 8.11.19 | | 1199000 | | | 1212500–1221700 | 1273800–1298300 | 765500–805300 | 1010400–1172700 |
| 7 | 13.11.19 | | 1135000 | | | 1203300–1215600 | 1347300–1377900 | 786900–805300 | 1010400–1065600 |
| 8 | 14.11.19 | | 1147000 | | | 1203300–1215600 | 1347300–1377900 | 786900–805300 | 1010400–1065600 |
| 9 | 15.11.19 | | 1186000 | | | 1203300–1215600 | 1347300–1377900 | 805300–826700 | 1010400–1065600 |
| 10 | 18.11.19 | | 1190000 | | | 1234000 | 1347300–1377900 | 805300–826700 | 1010400–1065600 |
| 11 | 19.11.19 | | 1138000 | | | 1244800–1237000 | 1347300–1377900 | 805300–826700 | 1010400–1065600 |
| 12 | 20.11.19 | | 1123000 | | | 1224800–1237000 | 1247300–1377900 | 805300–826700 | 1010400–1065600 |
| 13 | 22.11.19 | | 1111000 | | | 1224800–1237000 | 1347300–1377900 | 805300–826700 | 1010400–1065600 |
| 14 | 25.11.19 | | 1064000 | | | 1203300–1215600 | 1304400–1328900 | 805300–826700 | 1010400–1065600 |
| 15 | 26.11.19 | | 1071000 | | | 1203300–1215600 | 1304400–1328900 | 805300–826700 | 1010400–1065600 |
| 16 | 27.11.19 | | 1070000 | | | 1203300–1215600 | 1304400–1328900 | 805300–826700 | 1010400–1065600 |
| 17 | 28.11.19 | | 1058000 | | | 1203300–1215600 | 1304400–1328900 | 805300–826700 | 1010400–1065600 |
| 18 | 29.11.19 | | 1029000 | | | 1203300–1215600 | 1304400–1328900 | 805300–826700 | 1010400–1065600 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ နိုဝင်ဘာလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|

| | | | | | | |
|---|---|---|---|---|---|---|
| 1 | 1.11.19 | 1246200-1301300 | 692000-704200 | 753200-765500 | 630800-643000 | 281700-297000 |
| 2 | 4.11.19 | 1246200-1301300 | 692000-704200 | 753200-765500 | 630800-643000 | 281700-297000 |
| 3 | 5.11.19 | 1246200-1301300 | 692000-704200 | 753200-765500 | 630800-643000 | 281700-297000 |
| 4 | 6.11.19 | 1246200-1301300 | 692000-704200 | 753200-765500 | 630800-643000 | 281700-297000 |
| 5 | 7.11.19 | 1246200-1301300 | 692000-704200 | 753200-765500 | 630800-643000 | 281700-297000 |
| 6 | 8.11.19 | 1246200-1301300 | 692000-704200 | 753200-765500 | 630800-643000 | 281700-297000 |
| 7 | 13.11.19 | 1212500-1249300 | 692000-704200 | 753200-765500 | 643000-655300 | 269500-284800 |
| 8 | 14.11.19 | 1212500-1249300 | 692000-704200 | 753200-765500 | 643000-655300 | 269500-284800 |
| 9 | 15.11.19 | 1212500-1249300 | 692000-704200 | 753200-765500 | 630800-643000 | 269500-284800 |
| 10 | 18.11.19 | 1212500-1249300 | 692000-704200 | 712400-747100 | 630800-643000 | 269500-284800 |
| 11 | 19.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 12 | 20.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 13 | 22.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 14 | 25.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 15 | 26.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 16 | 27.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 17 | 28.11.19 | 1212500-1249300 | 692000-704200 | 713400-747100 | 630800-643000 | 269500-284800 |
| 18 | 29.11.19 | 1212500-1249300 | 734900-765500 | 713400-747100 | 630800-643000 | 269500-284800 |

၂ Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၁၉၊ နိုဝင်ဘာလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 4.11.19 | 1200-1250 | 1150-1250 | 1100-1200 | 1000-1100 | 1050-1150 |
| 2 | 13.11.19 | 1250-1300 | 1200-1300 | 1150-1250 | 1050-1150 | 1100-1200 |
| 3 | 18.11.19 | 1250-1300 | 1200-1300 | 1150-1250 | 1050-1150 | 1100-1200 |
| 4 | 25.11.19 | 1300-1350 | 1250-1350 | 1200-1300 | 1100-1200 | 1150-1250 |

Source: mrppa





## ၂၀၁၉၊ နိုဝင်ဘာလ၏ နေ့စဉ် စက်သုံးဆီ ၁ လီတာဈေးနှုန်း

| No | Date | Yangon | | Mandalay | |
|---|---|---|---|---|---|
| | | အောက်တိန်း | ဒီဇယ်ဆီ | အောက်တိန်း | ဒီဇယ်ဆီ |

| | | | | | |
|---|---|---|---|---|---|
| 1 | 1.11.19 | 822 | 867 | 853 | 876 |
| 2 | 4.11.19 | 809 | 862 | 840 | 876 |
| 3 | 5.11.19 | 809 | 862 | 840 | 876 |
| 4 | 6.11.19 | 827 | 867 | 844 | 880 |
| 5 | 7.11.19 | 822 | 858 | 844 | 871 |
| 6 | 8.11.19 | 827 | 862 | 844 | 871 |
| 7 | 13.11.19 | 836 | 862 | 862 | 871 |
| 8 | 14.11.19 | 836 | 858 | 867 | 880 |
| 9 | 15.11.19 | 836 | 858 | 867 | 880 |
| 10 | 18.11.19 | 849 | 862 | 870 | 880 |
| 11 | 19.11.19 | 831 | 858 | 862 | 880 |
| 12 | 20.11.19 | 822 | 849 | 853 | 862 |
| 13 | 22.11.19 | 822 | 853 | 849 | 862 |
| 14 | 25.11.19 | 818 | 849 | 849 | 862 |
| 15 | 26.11.19 | 818 | 849 | 849 | 862 |
| 16 | 27.11.19 | 818 | 849 | 849 | 858 |
| 17 | 28.11.19 | 813 | 844 | 844 | 862 |
| 18 | 29.11.19 | 809 | 849 | 840 | 858 |

Source: e trade Myanmar

## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

### ၂၀၁၉၊ နိုဝင်ဘာလအတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 30.10.19 to 5.11.19 | 6.11.19 to 15.10.19 | 16.10.19 to 12.11.19 | 13.11.19 to 19.11.19 | 20.11.19 to 26.11.19 |
|---|---|---|---|---|---|
| Emata 5 % | 360-365 | 360-365 | 360-365 | 360-365 | 360-365 |
| Emata 10 % | 350-355 | 350-355 | 350-355 | 350-355 | 350-355 |
| Emata 15% | 340-345 | 340-345 | 340-345 | 340-345 | 340-345 |
| Emata 25 % | 310-315 | 310-315 | 310-315 | 310-315 | 310-315 |
| Emata 35 % | 300-310 | 300-310 | 300-310 | 300-310 | 300-310 |
| Ngasein 5% | 370-380 | 370-380 | 370-380 | 370-380 | 370-380 |
| Ngasein 15% | 355-365 | 355-365 | 355-365 | 355-365 | 355-365 |
| Ngasein 20% | 350-355 | 350-355 | 350-355 | 350-355 | 350-355 |
| Ngasein 25% | 330-335 | 330-335 | 330-335 | 330-335 | 330-335 |
| A 1-2 | 315-320 | 315-320 | 315-320 | 315-320 | 315-320 |
| B 1-2 | 270-275 | 270-275 | 270-275 | 270-275 | 270-275 |
| B 2-3-4 | 265-270 | 265-270 | 265-270 | 265-270 | 265-270 |
| B 1&Extra | 265-280 | 265-280 | 265-280 | 265-280 | 265-280 |
| Glutinous 5 % | 425-430 | 425-430 | 425-430 | 425-430 | 425-430 |
| Glutinous 25 % | 400-410 | 400-410 | 400-410 | 400-410 | 400-410 |
| Parboiled Rice 5% | 460-465 | 460-465 | 460-465 | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 | 450-455 | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 | 435-440 | 435-440 | 435-440 |

Source: MRF

### ၂၀၁၉၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 1. 11. 19 to 8.11. 19 | 13. 11 .19 to 15. 11. 19 | 18. 11. 19 to 22. 11. 19 | 22. 11. 19 to 29. 11 .19 |
|---|---|---|---|---|---|
| မတ်ပဲ(2018 crop) | FAQ | 780–800 | 760–780 | 720–740 | 710–730 |
| | SQ | 880–900 | 830–850 | 770–790 | 760–780 |
| | အခွံချွတ် အလုံး/ အခြမ်း | 1115–1145 | 1090–1115 | 1030–1060 | 1015–1045 |

| | | | | | |
|---|---|---|---|---|---|
| | အခွံပါ အခြမ်း | 635-655 | 635-655 | 900-925 | 890-915 |
| မတ်ပဲ (2017 crop) | FAQ | 760-780 | 740-760 | 700-720 | 690-710 |
| | SQ | 860-880 | 810-830 | 750-770 | 740-760 |
| | အခွံချွတ် အလုံး/ အခြမ်း | 1090-1115 | 1060-1090 | 1000-1030 | 990-1015 |
| | အခွံပါ အခြမ်း | 950-975 | 925-950 | 875-900 | 865-890 |
| ပဲတီစိမ်း | FAQ (အညာ) | 750-800 | 750-800 | 750-800 | 750-800 |
| | FAQ (ပခုက္ကူ) | 780-830 | 780-830 | 780-830 | 780-830 |
| | ရွှေဝါအသေး (Under 3.5 mm) | 850-875 | 850-875 | 850-875 | 850-875 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-1000 | 950-1000 | 950-1000 | 950-1000 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 925-975 | 925-975 | 925-975 | 925-975 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | 940-1020 | 940-1020 | 940-1020 | 940-1020 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1000-1070 | 1000-1070 | 1000-1070 | 1000-1070 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1040-1050 | 1040-1050 | 1040-1050 | 1040-1050 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | 1000-1030 | 1000-1030 | 1000-1030 | 1000-1030 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 600-620 | 610-630 | 610-630 | 610-630 |
| | ဖြူနီ (FAQ) | 600-620 | 610-630 | 610-630 | 610-630 |
| | အဖြူ (FAQ) | 600-620 | 610-630 | 610-630 | 610-630 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 550-570 | 560-580 | 550-570 | 550-570 |
| | ဖြူနီ (FAQ) | 550-570 | 560-580 | 550-570 | 550-570 |
| | အဖြူ (FAQ) | 550-570 | 560-580 | 550-570 | 550-570 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600-630 | 600-630 | 600-630 | 600-630 |
| | အခွံချွတ်အခြမ်း | 800-840 | 800-840 | 800-840 | 800-840 |
| ပဲလွန်းဖြူ | FAQ | 460-490 | 460-490 | 460-490 | 460-490 |
| | SQ (12.5 ဇကာ) | 530-580 | 530-580 | 530-580 | 530-580 |
| ပဲလွန်းနီ | FAQ | 500-530 | 500-530 | 500-530 | 500-530 |
| မြေထောက်ပဲ | FAQ | 950-980 | 950-980 | 950-980 | 950-980 |
| | အခွံချွတ်အခြမ်း | 1190-1225 | 1190-1225 | 1190-1225 | 1190-1225 |
| | အခွံပါအခြမ်း | 1000-1035 | 1000-1035 | 1000-1035 | 1000-1035 |
| ပဲထောပတ် | FAQ | 825-850 | 825-850 | 600-650 | 600-650 |
| | အခွံချွတ်အခြမ်း | 800-950 | 800-950 | 600-750 | 600-750 |
| | အခွံပါအခြမ်း | 750-900 | 750-900 | 600-700 | 600-700 |
| ပြောင်း | | 190-200 | 190-200 | 190-200 | 190-200 |
| နှမ်းဖြူ | | 1550-1600 | 1550-1600 | 1550-1600 | 1550-1600 |
| နှမ်းနက် (စမုံ) | | 2600-2700 | 2600-2700 | 2600-2700 | 2600-2700 |
| နှမ်းမှုန် | | 1750-1850 | 1750-1850 | 1750-1850 | 1750-1850 |
| နှမ်းညို | | 1400-1500 | 1400-1500 | 1400-1500 | 1400-1500 |
| နှမ်းနက်(ရိုးရိုး) | | 1700-1900 | 1700-1900 | 1700-1900 | 1700-1900 |
| ပဲကြီး | | 700-750 | 700-750 | 700-750 | 700-750 |
| ပဲယင်း | | 550-580 | 550-580 | 550-580 | 550-580 |
| ဘိုကိတ် | | 380-410 | 380-410 | 380-410 | 380-410 |
| နံနံစေ့ | | 550-600 | 550-600 | 550-600 | 550-600 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## နိုင်ငံတကာ ဈေးနှုန်းများ (FOB)

### ၂၀၁၉၊ နိုဝင်ဘာလ အတွင်း အိန္ဒိယနိုင်ငံ ပဲဈေးနှုန်း

| No | Date | မတ်ပဲ Mumbai | ပဲစင်းငုံ Mumbai |
|---|---|---|---|
| 1 | 1.11.19 | 987 | 705 |
| 2 | 4.11.19 | 1245 | 785 |
| 3 | 5.11.19 | 1244 | 778 |

| | | | |
|---|---|---|---|
| 4 | 6.11.19 | 1220 | 760 |
| 5 | 7.11.19 | 1140 | 746 |
| 6 | 8.11.19 | 1151 | 751 |
| 7 | 13.11.19 | 1046 | 725 |
| 8 | 14.11.19 | 1068 | 721 |
| 9 | 15.11.19 | 1087 | 724 |
| 10 | 18.11.19 | 1081 | 718 |
| 11 | 19.11.19 | 1029 | 709 |
| 12 | 20.11.19 | 1039 | 704 |
| 13 | 22.11.19 | 1018 | 697 |
| 14 | 25.11.19 | 987 | 690 |
| 15 | 26.11.19 | 977 | 684 |
| 16 | 27.11.19 | 980 | 683 |
| 17 | 28.11.19 | 951 | 672 |
| 18 | 29.11.19 | 935 | 670 |

Source: e trade Myanmar

## ၂၀၁၉၊ နိုဝင်ဘာလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil | Bernt Curde Oil | RBoB Gasoline | Narural Gas | Heading Oil |
|---|---|---|---|---|---|---|
| | | (USD/bbl) | (USD / bbl) | (Usd/ gal) | USD/ MMBtu) | (Usd/ gal) |
| 1 | 1.11.19 | 54.36 | 59.70 | 159.52 | 2.63 | 187.80 |
| 2 | 4.11.19 | 55.95 | 61.37 | 165.15 | 2.79 | 192.82 |
| 3 | 5.11.19 | 56.52 | 62.14 | 166.77 | 2.84 | 194.41 |
| 4 | 6.11.19 | 56.95 | 62.64 | 166.93 | 2.86 | 194.93 |
| 5 | 7.11.19 | 56.29 | 61.69 | 162.31 | 2.83 | 192.58 |
| 6 | 8.11.19 | 56.90 | 62.11 | 163.42 | 2.78 | 191.55 |
| 7 | 13.11.19 | 56.69 | 61.91 | 161.11 | 2.62 | 189.21 |
| 8 | 14.11.19 | 57.39 | 62.57 | 163.98 | 2.67 | 191.81 |
| 9 | 15.11.19 | 57.07 | 62.59 | 162.18 | 2.63 | 192.60 |
| 10 | 18.11.19 | 57.78 | 63.32 | 163.69 | 2.64 | 194.96 |
| 11 | 19.11.19 | 56.90 | 62.30 | 162.17 | 2.55 | 190.06 |
| 12 | 20.11.19 | 55.32 | 60.95 | 159.88 | 2.52 | 186.09 |
| 13 | 22.11.19 | 58.17 | 63.59 | 170.17 | 2.58 | 193.60 |
| 14 | 25.11.19 | 57.87 | 63.51 | 167.20 | 2.66 | 193.31 |
| 15 | 26.11.19 | 57.99 | 63.67 | 167.75 | 2.51 | 194.66 |
| 16 | 27.11.19 | 58.20 | 64.04 | 169.43 | 2.47 | 195.50 |
| 17 | 28.11.19 | 57.87 | 63.89 | 167.32 | 2.50 | 194.80 |
| 18 | 29.11.19 | 58.00 | 63.66 | 168.42 | 2.47 | 194.90 |

Source: Bloomberg Commodities

## ၂၀၁၉၊ နိုဝင်ဘာလအတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | Nov 1 2019 | 105.24 | 147.43 | 176.55 | 134.18 | 133.75 |
| 2 | Nov 4 2019 | 105.25 | 147.85 | 176.35 | 133.60 | 133.20 |
| 3 | Nov 5 2019 | 106.53 | 148.51 | 176.85 | 134.25 | 135.65 |
| 4 | Nov 6 2019 | 107.14 | 149.81 | 176.75 | 135.07 | 136.00 |
| 5 | Nov 7 2019 | 106.49 | 150.07 | 177.05 | 135.52 | 136.60 |
| 6 | Nov 8 2019 | 105.96 | 150.27 | 177.45 | 135.92 | 135.50 |

| | | | | | | |
|---|---|---|---|---|---|---|
| 7 | Nov 11 2019 | 106.31 | 148.98 | 177.55 | 135.33 | 135.75 |
| 8 | Nov 13 2019 | 106.99 | 149.97 | 180.55 | 136.13 | 136.45 |
| 9 | Nov 14 2019 | 108.02 | 150.75 | 179.90 | 136.90 | 138.20 |
| 10 | Nov 15 2018 | 107.06 | 150.09 | 179.05 | 136.90 | 136.40 |
| 11 | Nov 18 2019 | 107.40 | 149.68 | 179.90 | 137.43 | 136.95 |
| 12 | Nov 19 2019 | 107.27 | 150.09 | 179.90 | 137.20 | 137.65 |
| 13 | Nov 20 2019 | 109.24 | * | 180.35 | * | 141.90 |
| 14 | Nov 21 2019 | 108.83 | * | 180.70 | * | 141.40 |
| 15 | Nov 22 2019 | 108.79 | * | 181.05 | * | 141.40 |
| 16 | Nov 25 2019 | 109.50 | * | 180.95 | * | 142.80 |
| 17 | Nov 26 2019 | 108.64 | * | 182.15 | * | 141.05 |
| 18 | Nov 27 2019 | 109.45 | * | 182.30 | * | 142.60 |
| 19 | Nov 28 2019 | 109.37 | * | 182.85 | * | 142.20 |
| 20 | Nov 29 2019 | 108.29 | * | 182.80 | * | 140.15 |

Source: Association of natural rubber producing countries

## ရွှေဈေးနှုန်းအခြေအနေ

### ၂၀၁၉၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$ ) နှင့် မြန်မာ့ရွှေဈေး (ကျပ်)


| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.11.19 | 1513 | 1514 | 1220000 | 1219500 |
| 2 | 4.11.19 | 1513 | 1513 | 1216500 | 1216300 |
| 3 | 5.11.19 | 1507 | 1509 | 1211000 | 1210500 |
| 4 | 6.11.19 | 1490 | 1491 | 1204000 | 1213500 |
| 5 | 7.11.19 | 1493 | 1495 | 1213000 | 1212500 |
| 6 | 8.11.19 | 1472 | 1473 | 1199000 | 1199500 |
| 7 | 13.11.19 | 1460 | 1462 | 1192000 | 1191200 |
| 8 | 14.11.19 | 1466 | 1467 | 1188000 | 1187000 |
| 9 | 15.11.19 | 1469 | 1470 | 1183500 | 1183500 |
| 10 | 18.11.19 | 1468 | 1470 | 1186500 | 1185500 |
| 11 | 19.11.19 | 1472 | 1473 | 1185000 | 1084500 |
| 12 | 20.11.19 | 1476 | 1477 | 1189000 | 1188300 |
| 13 | 22.11.19 | 1466 | 1468 | 1185500 | 1185500 |
| 14 | 25.11.19 | 1463 | 1464 | 1182000 | 1181000 |
| 15 | 26.11.19 | 1457 | 1458 | 1176000 | 1175000 |
| 16 | 27.11.19 | 1461 | 1463 | 1176000 | 1175700 |
| 17 | 28.11.19 | 1458 | 1459 | 1174000 | 1173500 |
| 18 | 29.11.19 | 1460 | 1461 | 1174000 | 1174000 |

Source: Bullionvault, etrademyanmar

### ၂၀၁၉၊ နိုဝင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(US$)

| Date | Doller | Earning |
|---|---|---|
| 1.11.19 | 1525 | 1522 |
| 4.11.19 | 1518 | 1517 |
| 5.11.19 | 1513 | 1511 |
| 6.11.19 | 1516 | 1512 |
| 7.11.19 | 1521 | 1519 |
| 8.11.19 | 1522 | 1516 |
| 13.11.19 | 1520 | 1518 |
| 14.11.19 | 1518 | 1514 |
| 15.11.19 | 1515 | 1512 |
| 18.11.19 | 1519 | 1516 |
| 19.11.19 | 1516 | 1515 |
| 20.11.19 | 1518 | 1517 |
| 22.11.19 | 1517 | 1516 |
| 25.11.19 | 1514 | 1514 |
| 26.11.19 | 1515 | 1513 |
| 27.11.19 | 1513 | 1512 |
| 28.11.19 | 1512 | 1512 |
| 29.11.19 | 1509 | 1508 |

Source: e trade Myanmar




## ၂၀၁၉၊ နိုဝင်ဘာလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.11.19 | 1522.4 | 50.469 | 216.33 | 1120.9 | 21.478 | 1409.6 |
| 2 | 4.11.19 | 1516.9 | 50.237 | 215.86 | 1117.7 | 21.460 | 1399.7 |
| 3 | 5.11.19 | 1512.0 | 50.083 | 216.17 | 1114.4 | 21.397 | 1389 |
| 4 | 6.11.19 | 1513.2 | 49.949 | 216.27 | 1114.1 | 21.334 | 1388.1 |
| 5 | 7.11.19 | 1518.1 | 50.028 | 217.4 | 1118.3 | 21.404 | 1393.1 |
| 6 | 8.11.19 | 1517.3 | 49.944 | 217.05 | 1116.4 | 21.306 | 1388.1 |
| 7 | 13.11.19 | 1518.5 | 50.207 | 216.43 | 1114.7 | 21.153 | 1391.8 |
| 8 | 14.11.19 | 1516.1 | 50.194 | 215.91 | 1112.4 | 21.067 | 1395.5 |
| 9 | 15.11.19 | 1514.4 | 50.121 | 215.98 | 1112.1 | 21.107 | 1395.2 |
| 10 | 18.11.19 | 1516.1 | 50.136 | 216.20 | 1114.7 | 21.123 | 1391.7 |
| 11 | 19.11.19 | 1515.6 | 50.210 | 215.78 | 1113.8 | 21.091 | 1393.5 |
| 12 | 20.11.19 | 1516.4 | 50.237 | 215.48 | 1113.5 | 21.108 | 1399.0 |
| 13 | 22.11.19 | 1516.4 | 50.237 | 215.44 | 1113.2 | 21.126 | 1396.6 |
| 14 | 25.11.19 | 1514.6 | 50.103 | 215.29 | 1110.1 | 21.123 | 1391.2 |
| 15 | 26.11.19 | 1513.8 | 50.118 | 214.99 | 1107.9 | 21.149 | 1390.0 |
| 16 | 27.11.19 | 1512.9 | 50.055 | 215.42 | 1107.5 | 21.227 | 1385.9 |
| 17 | 28.11.19 | 1511.6 | 49.995 | 214.95 | 1106.4 | 21.140 | 1381.2 |
| 18 | 29.11.19 | 1508.7 | 49.916 | 214.74 | 1104.1 | 21.003 | 1377.4 |

Source: Central Bank of Myanmar